ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday 5 July 2018 ၄၃၃၈

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နှင့် ဩစတြီးယား သံအမတ်ကြီး၊ နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော သံအမတ်ကြီး H.E.Mr. Daniel Patrick Brendon Chugg အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော သံအမတ်ကြီး H.E.Mrs. Eva Hager အား နံနက် ၁၁ နာရီတွင် လည်းကောင်း၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် H.E. General Rajendra Chhetri အား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Patrick Brendon Chugg အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား ကမ္ဘာ့ဘဏ်မှ ဆက်လက်ကူညီသွားမည်ဟုဆို

**နေပြည်တော် ဇူလိုင် ၄**

ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယား ကွာကွာက ပြောကြားလိုက်သည်။

### တွေ့ဆုံသွားမည်

ထို့ပြင် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယား ကွာကွာသည် ဇူလိုင် ၈ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း၊ ၎င်း၏ ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် ဆက်လက်ကူညီပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ သိရှိရသည်။

### ပံ့ပိုးကူညီသွားမည်

ထို့ပြင် မြန်မာနိုင်ငံအစိုးရနှင့် UNHCR/UNDP တို့အကြား ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်များနှင့် ကိုဖီအာနန်ကော်မရှင် အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင်လည်း ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့ဘဏ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေအတွက် အကူအညီတွေ ဆက်လက်ပေးနေမှာ ဖြစ်တယ်လို့ ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ရာသီဥတု ... ရာနှုန်းပြည့်မိုး

(၅-၇-၂၀၁၈)

- **နေပြည်တော်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
- **ရန်ကုန်** - မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
- **မန္တလေး** - နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရက်လရာသီ အလီလီပြောင်းသော်လည်း . . .

စာမျက်နှာ - ၆

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ စည်ကားစွာ ကျင်းပမည်

စာမျက်နှာ - ၇



01- 2307000, 09-79 2307000 www.i-kbz.com info@i-kbz.com www.facebook.com/ikbzinc https://www.linkedin.com/company/ikbz-insurance-co-ltd

ကြေးမုံ

# ညီညွတ်မှုဖြင့် တိုးတက်မှုကိုရယူ

"ကျွန်မတို့ အမျိုးသမီးများဟာ နောင်တစ်ချိန်တစ်ခါမှာ ကမ္ဘာကြီးမှာ အမျိုးသမီးများနေ့၊ အမျိုးသားများနေ့ရယ်လို့ ခွဲခြားပြီးတော့ မထားဘဲနဲ့ ပုထုဇဉ်လူသားများရဲ့နေ့လို့ ဖြစ်သွားအောင်လို့ ဦးတည်သင့်ပါတယ်၊ အဲဒီတော့ ကျွန်မတို့ဟာ အမျိုးသမီးရော၊ အမျိုးသားရော၊ ကလေးတွေရော နိုင်ငံတစ်နိုင်ငံမှာ လူ့အသိုင်းအဝိုင်းတစ်ခုမှာ အားလုံးပူးပေါင်းပြီးတော့ ညီညီညွတ်ညွတ်ရှိမှ ဒီအသိုင်းအဝိုင်းမှာ တိုးတက်နိုင်မှာပါ" ဟု ဇူလိုင်လ ၃ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

တစ်ကမ္ဘာလုံးတွင် အမျိုးသမီးများနေ့ကို ရှေးကာလကတည်းက နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ စတင်ပေါ်ပေါက်ခဲ့သည့် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟု သတ်မှတ်ပြီး နှစ်စဉ် ထိုနေ့ရောက်တိုင်း မြန်မာအမျိုးသမီးများနေ့ ကျင်းပလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီဖြစ်သည်။ လူ့အသိုင်းအဝိုင်းတွင် အမျိုးသားများနေ့ဟူ၍ သီးသန့်သတ်မှတ်ထားခြင်းမရှိဘဲ အမျိုးသမီးနေ့၊ ကလေးသူငယ်များနေ့ဟု သတ်မှတ်ကျင်းပရခြင်းမှာ သမိုင်းအစဉ်အလာအရ၊ လူ့အသိုင်းအဝိုင်း သဘောသဘာဝဖြစ်စဉ်များအရ အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အားနည်းသည့် အုပ်စုများအဖြစ် ယခင်က သတ်မှတ်ခဲ့ကြသည်။ အားနည်းသူများကို ဖေးကူသောအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား မြှင့်တင်အားပေး အသိအမှတ်ပြုခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် ဤသို့မဟုတ်တော့ချေ။ နည်းပညာခေတ်တွင် အမျိုးသမီးများမှာ အမျိုးသားများနည်းတူ ရင်ပေါင်တန်း စွမ်းဆောင်နိုင်ကြပြီဖြစ်သည်။ ယနေ့ကာလ လူမှုဘဝနယ်ပယ်၌ အမျိုးသမီးများမှာ ရှေ့တန်းသို့ပင် ရောက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရည်တိုးတက်မှုတွင် အမျိုးသားများထက် တစ်ပန်းသာနေသည်ကို တွေ့ရမည်ဖြစ်သည်။ ကလေးသူငယ်များမှာလည်း ပညာရေးဘက်တွင် အလားတူတိုးတက်နေပြီ ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသမီးများသည် နောင်တစ်ချိန်တစ်ခါ၌ ကမ္ဘာကြီးတွင် အမျိုးသမီးများနေ့၊ အမျိုးသားများနေ့ဟူ၍ ခွဲခြားမထားတော့ဘဲ ပုထုဇဉ်လူသားများ၏နေ့ဟူ၍ ဖြစ်သွားအောင် ဦးတည်သင့်ပါကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အားနည်းချက်များ၊ ခနအင်အား အားနည်းမှုများရှိနေသည်။ ဖြတ်သန်းခဲ့သော ကာလတစ်လျှောက် စိတ်ဓာတ်ရေးရာဘက်တွင် အားရှိသင့်သလောက် မရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် အမျိုးသမီးရော၊ အမျိုးသားရော၊ ကလေးများ ပါမကျန် နိုင်ငံတစ်နိုင်ငံ၏ လူ့အသိုင်းအဝိုင်းတွင် အားလုံးပူးပေါင်းပြီး ညီညီညွတ်ညွတ်ရှိမှသာ ထိုလူ့အသိုင်းအဝိုင်းလည်း တိုးတက်နိုင်မည်ဖြစ်ကြောင်း ထောက်ညွှန်ပြသ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးများအနေဖြင့် ရှေ့တန်းသို့ရောက်ရှိပြီး လူ့ဘောင်လောကတွင် အရေးပါအရာရောက်လာသော် သားသမီးများ ပြုစုပျိုးထောင်ရေးဘက်ကိုလည်း မမေ့သင့်ချေ။ အမျိုးသမီးများ၏ မူလတာဝန်မှာ အိမ်ထောင်သားမွေး ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဖြစ်၍ ယင်းတာဝန်ကို မပစ်ပယ်မိအောင် သတိပြုသင့်သည်။ မှန်ကန်ကောင်းမွန်သည့် စိတ်ထားများဖြင့် ကလေးငယ်များ ရှင်သန်ကြီးပြင်းလာရေး၊ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ရပ်တည်နိုင်သည့် လူသားများဖြစ်ထွန်းလာရေး၊ လူအချင်းချင်း ဆက်ဆံမှုပိုမိုကောင်းမွန်ပြီး ပူးပေါင်းနေထိုင်တတ်ရေး၊ လုပ်ချင်ကိုင်ချင်စိတ်၊ သိချင်တတ်ချင်စိတ် ကြီးထွားလာရေးတို့ကို အမျိုးသမီးများဖြစ်သည့် မိခင်များ၊ ဆရာမများက ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသမီးများအား အလေးထားမှုကြောင့် ရှေ့တန်းရောက်လာချိန်ဝယ် မိမိတို့၏မူလတာဝန်များကိုလည်း မလစ်ဟင်းအောင် အားထုတ်ရမည်ဖြစ်သလို နောင်တစ်ချိန်၌ ကျား၊ မတန်းတူ ကြီးငယ်မဟူ မခွဲခြားဘဲ အားလုံးညီညီညွတ်ညွတ်ဖြင့် တိုးတက်မှုများကို ရယူသွားကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ကလေးမြို့ )
၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၆/၇)ရက် သောကြာ၊ စနေ နေ့များတွင်
နံနက်(၉)နာရီ မှ ညနေ(၅)နာရီ အထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က(၁)၊ ကလေးမြို့

## ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆုချီးမြှင့်ပွဲ ကျင်းပ

**လယ်ဝေး ဇူလိုင် ၄**

(၃၅)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုများ ချီးမြှင့်ပွဲကို ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်းတိုက်၌ ယမန်နေ့က ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ညောင်ကုန်းဆရာတော်က ဩဝါဒကထာ ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက သုံးဘာသာ ၁၆ ဦး၊ နှစ်ဘာသာ ၂၄ ဦး၊ တစ်ဘာသာ ၁၀၄ ဦး စုစုပေါင်း ယဉ်ကျေးမှု စာမေးပွဲအောင်မြင်သူ ၁၄၄ ဦးတို့အား စာအောင်ဆုများ ချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနနှင့် သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနတို့ပူးပေါင်း၍ UNICEF ၏ အထောက်အပံ့ဖြင့် ကျင်းပသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ သဘာဝဘေးအန္တရာယ် အရေးပေါ် အခြေအနေများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် လူထုအတွင်းကျန်းမာရေးအသိပညာပေးရန် ဆက်သွယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်နှင့် စနစ်တကျဆောင်ရွက်နိုင်စေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျန်းမာရေးအသိပညာမြှင့်တင်ရေးအတွက် လူထုအတွင်း



ထိရောက်သော ဆက်သွယ်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ဤဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲကို သဘာဝဘေးနှင့် အရေးပေါ်အခြေအနေတွင် ပြည်သူများအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်ခြင်းနည်းပညာများအား လက်တွေ့ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးနှင့် အရေးပေါ်အခြေအနေတွင် အဓိကဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်မှုများကို သိရှိဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒလမြို့နယ်၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး လူထုတွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ စိစစ်ဆောင်ရွက်ပေးခြင်းနှင့် လူထုတွေ့ဆုံရှင်းလင်းခြင်းကို ယနေ့ နံနက်ပိုင်းက ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံရှင်းလင်းခြင်းကို တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်၊ တာဝန်ရှိသူများနှင့် မူလမြေပိုင်ရှင် ၄၆ ဦး တို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာများအလိုက် မူလမြေပိုင်ရှင်များက တင်ပြလာမှုအပေါ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့က ၎င်းတို့၏ သဘောထားမှတ်ချက်များနှင့် စိစစ်တွေ့ရှိချက်များကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၄**

ရန်ကုန်(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀ မန္တလေး(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၈၅/၁၀၁၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၃၅/၉၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၂၀ ကျပ်၊ | ၉၅၅/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၈၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၈ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၂.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၆၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၂၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၆၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၆၇.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၄၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၅.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E. General Rajendra Chhetri အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြီးယားသံအမတ်ကြီး H.E.Mrs. Eva Hager အား လက်ခံတွေ့ဆုံစဉ်။

☆ **ရှေ့ဖုံးမှ**

ဗြိတိန်သံအမတ်ကြီးနှင့် ဩစတြီးယားသံအမတ်ကြီးတို့အား တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ **မြန်မာနိုင်ငံမှ**

ပြောကြားခဲ့ပါတယ်၊ ဒါ့အပြင် မြန်မာနိုင်ငံကို အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာလည်း အခုလအတွင်းမှာ လာရောက်ဦးမှာဖြစ်ပါတယ်၊ ဒီခရီးစဉ်အတွင်းမှာလည်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေအတွက် အကူအညီတွေပေးနိုင်ဖို့ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်”ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ပြန်ကြားရေးတာဝန်ခံ ဦးကျော်စိုးလင်းက ပြောကြားသည်။ **ရှင်မင်း**

## အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲ ကျင်းပ

**ကောလင်း ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဆင်းမကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အလယ်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်းဆိုင်းဘုတ်အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကောလင်းမြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း ၂၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်းခွဲ နှစ်ကျောင်း စုစုပေါင်းကျောင်း ၅၀ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၄**

(၈)ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေးတို့ကို ဦးတည်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(National Education Strategic Plan-NESP) (၂၀၁၆-၂၀၂၁)ကို ကဏ္ဍကိုးရပ်သတ်မှတ်ပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ NESP အရ ပညာသင်ယူမှုအခွင့်အလမ်း မြင့်မားရေးအတွက် ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်းတွင် မည်သည့်ခွဲခြားမှုမှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေး၊ ကျား၊ မ တန်းတူညီမျှမှုရှိရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူပြီးမြောက်ရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန်လည်း လိုအပ်နေပါကြောင်း။

ဝေးလံသောဒေသများနှင့် သင်ယူရန်အခက်အခဲရှိသူများအတွက် ပညာသင်ယူမှုအခွင့်အလမ်း မြင့်မားရေးဦးတည်၍ အခြေခံပညာ ကျောင်းပေါင်း ၆၁၈၆ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းသားများ၏ ကျောင်းနေနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်နေပါကြောင်း၊ ဆရာ ကျောင်းသား အချိုးမျှတရေး၊ ဆရာ ဆရာမများ အချိုးမျှတ၍ အရည်အသွေးမြင့်မားရေး၊ စာသင်ခန်း၊ စာသင်ခုံ၊ စာကြည့်တိုက်၊ အိုင်စီတီ၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းရေး၊ စဉ်းစားတွေးခေါ်မှု ဦးတည်သည့် သင်ကြားသင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများဆောင်ရွက်ရေး၊ စီမံခန့်ခွဲမှု အရည်အသွေးကောင်းမွန်ရေး၊ အခြေခံပညာရေးသာမက နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ၊ အဆင့်မြင့်ပညာရေးလုပ်ငန်းများနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရေးကို ဦးတည်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူများ၏ အနာဂတ်ပိုမိုလှပရေးအတွက် လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းနိုင်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးကြသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလူမှုအဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဩစတြေးလျသံရုံးမှ Counsellor, H.E. Mr. Tim Vistarini က အမှာစကားပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးအကြံပြုကြသည်။ အဆိုပါအခမ်းအနားတွင် ပညာရေးအရည်အသွေး မြင့်မားရေးအတွက် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလူမှုအဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ သံအမတ်ကြီး H.E.Mr. Jong Ho Bom အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၈)ကြိမ်မြောက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဝန်ကြီးအဆင့် ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၄**

မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့တွင် ဇူလိုင် ၃ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သော "(၈)ကြိမ်မြောက်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဝန်ကြီးအဆင့်ညီလာခံ"သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။



**အလေးထားဆွေးနွေး**

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးအတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်မှုအခြေအနေ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်လေ့လာနိုင်ရန် တာဝန်ရှိသူများနှင့် ပြည်သူလူထုမှ သိရှိနိုင်စေရန် ဆောင်ရွက်နေမှုများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းများအပြင် အသိပညာပေးလုပ်ငန်းများအတွက်ပါ တိုးမြှင့်ဆောင်ရွက်နေမှုများ၊ ဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးအတွက် လူအင်အား၊ ထောက်ပံ့ပစ္စည်းအင်အားများကိုပါ အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ရုံမျှမက ဘေးဒဏ်ခံနိုင်ရည်ရှိသည့် ပြန်လည်ထူထောင်ရေးကိုပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်း စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အခြေခံအဆောက်အအုံများ တိုးမြှင့်ဆောက်လုပ်နိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် လိုအပ်မှုတို့ကို အလေးထား ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံအခြေစိုက် အာရှဒေသဘေးအန္တရာယ်လျော့ပါးရေးဌာန (ADRC)မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Koji Suzuki နှင့် ဇူလိုင် ၃ ရက်တွင် လည်းကောင်း၊ United Nations Office for Outer Space Affairs (UNOOSA)မှ အကြီးတန်းအရာရှိ Dr. Shirish Ravan၊ Food and Agriculture Organization မှ ဒေသတွင်းကိုယ်စားလှယ် Ms. Kundhavi Kadiresan တို့နှင့် ဇူလိုင် ၄ ရက်တွင် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့် အစီအစဉ်များပံ့ပိုးပေးနိုင်ရေး၊ ဘေးအန္တရာယ်ကျရောက်ချိန်များတွင် Disaster Charter မှတစ်ဆင့် ဂြိုဟ်တုပုံရိပ်များ ရယူအသုံးချနိုင်ရေး၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများတွင် အာကာသနည်းပညာများအသုံးချနိုင်ရေး၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် GIS နှင့် Remote Sensing သင်တန်းများအတွက် ပညာသင်ဆုပေးအပ်ရေး၊ ဘေးအန္တရာယ်မျိုးစုံ ဆန်းစစ်လေ့လာမှုအတွက် မြေပုံများရေးဆွဲနည်းသင်တန်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ ဖွင့်လှစ်နိုင်ရေး၊ အိန္ဒိယနိုင်ငံ၏နည်းပညာအကူအညီဖြင့် ကိုယ်ပိုင်ဂြိုဟ်တုငယ် လွှင့်တင်ဆောင်ရွက်နိုင်ရေး၊ FAO နှင့်ပူးပေါင်း၍ စားနပ်ရိက္ခာမလုံလောက်မှုကြုံတွေ့ရသည့်ဒေသများတွင် ကူညီပံ့ပိုးမှုများဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုကိုခံနိုင်ရည်ရှိသည့် စိုက်ပျိုးရေးနည်းပညာများပံ့ပိုးပေးရေးနှင့် မြန်မာနိုင်ငံ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**အတည်ပြုနိုင်ရန် ရည်ရွယ်**

ညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ၂၀၁၅ ခုနှစ်အတွင်း အတည်ပြုခဲ့သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ကို အကောင်အထည်ဖော် တိုးတက်မှုများနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို နိုင်ငံများအကြား မျှဝေနိုင်ရန်၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် နိုင်ငံအသီးသီးမှ ကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရေးအတွက် နိုင်ငံရေးဆိုင်ရာ ကတိကဝတ်ပြုခြင်းများပါဝင်သည့် အူလန်ဘာတာ ကြေညာစာတမ်းကို ထုတ်ပြန်ရန်၊ ဆန်ဒိုင်းမူဘောင်ပါ ဦးစားပေးလုပ်ငန်းများမှ ၂၀၁၈-၂၀၂၀ ခုနှစ်အတွင်း ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် အာရှဒေသတွင်းစီမံချက်ကို အတည်ပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။




တွေ့ဆုံစဉ် အဂတိလိုက်စားမှု တားဆီးကာကွယ် တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း နည်းလမ်းသုံးရပ်ဖြင့် အကောင်အထည် ဖော်ဆောင်နေသည့် ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးခဲ့ပြီး သံအမတ်ကြီးက ရုရှားနိုင်ငံသမ္မတရုံးအောက်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဌာနနှင့် အစိုးရဝန်ကြီးဌာနများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အရေးကြီးသောဆောင်ရွက်ချက်များ၊ အစိုးရဝန်ထမ်းများအား အဂတိလိုက်စားမှုမပြုနိုင်ရန် ညွှန်ကြားထားရှိမှုများ၊ လက်ဆောင်ပစ္စည်းဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်ထားရှိမှုစသည့် ရုရှားနိုင်ငံ၏ အဂတိလိုက်စားမှု တားဆီးကာကွယ် တိုက်ဖျက်ရေးဆောင်ရွက်ချက် အခြေအနေများကို ဆွေးနွေးသည်။ ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်တွင် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဆက်လက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်တွင် တည်ဆောက်မည့် ရုပ်ရှင်စတူဒီယိုနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲသို့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

၁။ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်၊ နေပြည်တော်နေ အများပြည်သူများ စိတ်အပန်းပြေမှုရရှိစေရန်၊ နေပြည်တော်သို့လာရောက်လေ့လာသူများဖြင့် စည်ကားစေရန်နှင့် ဖျော်ဖြေတင်ဆက်မှုများဖြင့် ပြည်သူများ စိတ်ဝင်စားစေရန် ရည်ရွယ်၍ နေပြည်တော်တွင် ခေတ်မီရုပ်ရှင်စတူဒီယိုကြီးတစ်ခု တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ရာ နေပြည်တော်၏ အချက်အချာကျမှု၊ ရှုခင်းများကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူမှု၊ ရုပ်ရှင်ရိုက်ကူးနိုင်မည့် အခင်းအကျင်းများ ပြည့်စုံကောင်းမွန်မှုတို့နှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်စတူဒီယိုတည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများနှင့် မီဒီယာများ တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် - ၆-၇-၂၀၁၈ ရက် (သောကြာနေ့)
(ခ) အချိန် - (၁၀း၀၀)နာရီ
(ဂ) နေရာ - ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာန၊ ရန်ကုန်မြို့

**ပြန်ကြားရေးဝန်ကြီးဌာန**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Rajendra Chhetri အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Rajendra Chhetri တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆိုင်ရာသင်တန်းများ အပြန်အလှန်စေလွှတ်ရေး၊ ဆေးဘက်နည်းပညာများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အခြားကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ နီပေါနိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေး သင်တန်းကျောင်းတွင် မြန်မာ့တပ်မတော်မှ သင်တန်းသားများ တက်ရောက်ရေး၊ ဘာသာစကားဆိုင်ရာ သင်တန်းများ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က နီပေါတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Rajendra Chhetri နှင့်ဇနီး Mrs. Rita Chhetri ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဩစတြီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ညနေ ၃ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံသံအမတ်ကြီး H.E. Mrs. Eva Hager နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လယ်ယာသားငါးထွက်ကုန်များဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# JMC-U (၁၇)ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ (၁၇) ကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ JMC - U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တပ်မတော်သား ကိုယ်စားလှယ်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ငြိမ်း)၊ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ခေါင်းဆောင်များ၊ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စိုင်းမျိုးသန့်နှင့် အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြုရုံး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးကို ဇူလိုင် ၃ ရက်မှ စတင်ကျင်းပလျက်ရှိပြီး အစည်းအဝေးတွင် JMC-U ၏ (၁၆) ကြိမ်မြောက်နှင့် (၁၇) ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ( JMC-S) နှင့် ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) တွင် ဝိဝါဒကွဲပြားနေသော ဝေါဟာရအချို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**အကောင်အထည်ဖော်ဆွေးနွေး**

အလားတူ JMC ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး ရန်ပုံငွေ အသုံးစရိတ်ရရှိထားမှုနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ဒေသခံ အရပ်သားစောင့်ကြည့်သူ (LCM) နှင့်ပတ်သက်၍ အကောင်အထည်ဖော်မှုအခြေအနေများ၊ တရုတ်နိုင်ငံမှ Volvo မော်တော်ယာဉ် ၁၀ စီး လှူဒါန်းခြင်းနှင့် ခွဲဝေသုံးစွဲမှုအခြေအနေများနှင့် ကုလသမဂ္ဂမှ နည်းပညာဆိုင်ရာလိုအပ်ချက်များ ဆန်းစစ်ခြင်း (Technical Need Assessment - TNA) ကိစ္စများ ဆွေးနွေးခြင်း၊ နော်ဝေ၊ နီပေါ၊ တရုတ်နိုင်ငံများသို့ ငြိမ်းချမ်းရေးဆိုင်ရာ လေ့လာရေးခရီးစဉ်ကိစ္စရပ်များ ဆွေးနွေးခြင်း၊ စတုတ္ထအကြိမ် JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ဖာပွန်မြို့၌ ကျင်းပနိုင်ရေးကိစ္စများ၊ JMC မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်း (SOP)နှင့် လုပ်ငန်းလမ်းညွှန် (TOR) အကောင်အထည်ဖော်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ရန်ကုန်မြို့တော်ခန်းမ၌ ကလေးသူငယ်များ ဉာဏ်ရည်တိုးတက်မြင့်မားစေရေး ဟောပြော

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် UNICEF တို့ ပူးပေါင်း၍ ကလေးသူငယ်တိုင်းအတွက် အန္တရာယ်ကင်းရှင်းပြီး ရေရှည်တည်တံ့နိုင်သော မြို့များဖြစ်စေရေးလုပ်ငန်းစဉ် "ရှေးဦးအရွယ်နှင့် အရွယ်ရောက်စလူငယ်များအတွက် ဉာဏ်ရည်တိုးတက်မြင့်မားလာစေရေး ရင်းနှီးမြှုပ်နှံသင့်ခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အစီအမံရေးဆွဲ**

"မြို့ပြတစ်ခု ဖွံ့ဖြိုးတိုးတက်လာလို့ရှိရင် လူဦးရေကလည်း များလာတယ်၊ ဘာကြောင့်လဲဆိုရင် ပြောင်းရွှေ့လာကြတာဖြစ်တယ်၊ ကလေးသူငယ် ပါလာတာလည်း ရှိတယ်၊ ဒီရောက်မှမွေးတာလည်း ရှိတယ်၊ အဲဒီအခါကျတော့ တချို့ကလေးသူငယ်တွေဟာ ကျောင်းမနေရဘဲ လမ်းပေါ်ရောက်သွားတယ်၊ သူတို့အတွက် ဘယ်လိုထိန်းကျောင်းမလဲ၊ အဲဒီအတွက် ဘယ်လို ကိုင်တွယ်မလဲ၊ ဘယ်လို ရင်းနှီးမြှုပ်နှံမလဲ၊ သူတို့ကို ဘယ်လိုပြုစုပျိုးထောင်မလဲ အစီအမံတွေ ရေးဆွဲမယ်၊ ရန်ကုန်ကနေစပြီး ကျန်တဲ့မြို့တွေမှာပါ ဆက်လုပ်သွားမှာပါ"ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

အဆိုပါဟောပြောပွဲတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ယူနီဆက်(မြန်မာ)မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်မှုအပိုင်းမှ ဉာဏ်ရည်အရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ EPRI မှ သုတေသနဒါရိုက်တာ ဒေါက်တာမိုက်ကယ်ဆမ်ဆန်က မြန်မာနိုင်ငံတွင် လုပ်ဆောင်သင့်သော မြို့ပြများတွင် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က "ကလေးသူငယ်တွေရဲ့ အခန်းကဏ္ဍကို အမိဝမ်းထဲမှာရှိတဲ့အချိန်ကစပြီး ထောက်ပံ့ကူညီပေးဖို့ သူတို့ရဲ့ အစာအာဟာရအပိုင်းကနေစပြီး ပညာရေး၊ ကျန်းမာရေး၊ ဉာဏ်ရည်ဉာဏ်သွေးတွေကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်သွားမယ်ဆိုရင် တိုင်းပြည်အတွက် အများကြီးထိရောက်အကျိုးရှိမှာပါ"ဟု ပြောသည်။

ကလေးသူငယ် ဉာဏ်ရည်တိုးတက်မြင့်မားလာစေရေး ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ တိုးချဲ့သွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းများကိုပါ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ နေ့ကလေးထိန်းကျောင်း၊ မူကြိုကျောင်း အစရှိသည့် ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့များကိုလည်း စုပေါင်း၍ အသင်းအဖွဲ့ဖွဲ့စည်းရန် အစီအစဉ်ရှိကြောင်း သိရသည်။

**မေးမြန်းကြ**

အခမ်းအနားတွင် မြို့ပြများ၌ ဉာဏ်ရည်အရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့လုပ်ဆောင်နိုင်မှုများမှန်းဆတင်ပြခြင်း ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးကော်မတီဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းနှင့် ဒေါက်တာမိုက်ကယ်ဆမ်ဆန်တို့က ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။ **ဇာနည်မောင်**

အာဇာနည်နေ့အကြို ဆောင်းပါး

# ရက်လရာသီ အလီလီပြောင်းသော်လည်း . . .

**နှစ်စဉ် ဇူလိုင်လရောက်ပြီဆိုလျှင် နိုင်ငံသူ နိုင်ငံသားအားလုံး ဆွေးဆွေးမြည့်မြည့်ခံစားကြရသည်။ မြန်မာမှုနယ်ပယ်တွင် သေသောသူကြာလျှင် မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့ဆိုသော ဆိုရိုးစကားရှိနေသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများကိုမူ ယနေ့အချိန်အထိ မေ့မရနိုင်ကြသေးပါ။ ထိုပုဂ္ဂိုလ်ကြီးများသည် တိုင်းရင်းသားပြည်သူတို့၏ နှလုံးအိမ်ဝယ် ကမ္ဘာတည်သရွေ့ ထာဝစဉ်ကိန်းအောင်းနေမည်သာ ဖြစ်သည်။ နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူများ၏လက်ချက်ကြောင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးသွားခဲ့သည်မှာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ၇၁ နှစ်ပင် ပြည့်ပြီဖြစ်သည်။**

မောင်သောင်းဝင်း(တမန်ဟောင်း)



> ဗိုလ်ချုပ်သာ လုပ်ကြံမခံရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ယခုထက် ပိုမိုကျစ်လျစ်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်သော တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ယခုထက် ခံစားရမည်ဖြစ်သည်။ ဗိုလ်ချုပ်ကျဆုံးသွားသည်မှာ ၇၁ နှစ်ပြည့်တော့မည်ဖြစ်သော်လည်း တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်။
>
> တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အစိုင်အခဲဖြစ်နေသော အတိတ်က အာဃာတများ၊ သံသယများကို သင်ပုန်းချေပြီးမှသာ ထိုသွေးစည်းညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ သို့မှသာလျှင် နိုင်ငံသားအားလုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဖြစ်

### ကြွေလွင့်ခဲ့ရ

ဇူလိုင်မိုးသည် တဖွဲဖွဲဖြင့် စွေလျက်ရှိသည်။ လွန်ခဲ့သော ၇၁ နှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင်လည်း ထိုကဲ့သို့ မိုးတဖွဲဖွဲရွာသွန်းခဲ့သည်။ ထိုနေ့ ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် နယ်ချဲ့လက်ပါးစေ မသမာသူ လူတစ်စု၏ လက်ချက်ကြောင့် မြန်မာနိုင်ငံ၏အာဇာနည်ကြယ်ပွင့်များ ကြွေလွင့်ခဲ့ကြရသည်။

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသူ အာဇာနည်ခေါင်းဆောင်ကြီးများလည်း ကျဆုံးခဲ့ရသဖြင့် တိုင်းပြည်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ခဲ့ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အစားထိုး၍မရနိုင်သော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ ပြည်သူတို့၏ မျှော်လင့်ချက် မှေးမှိန်ခဲ့ရသည်။

နယ်ချဲ့လက်ပါးစေများ မည်သို့ပင်ဟန့်တားနှောင့်ယှက်နေစေကာမူ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံလျက် မြန်မာ့လွတ်လပ်ရေးကို အသက်ပေးကာ ရယူပေးနိုင်ခဲ့သည်။ သို့သော် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုမူ တက်ရောက်ခွင့်ရမသွားခဲ့ပေ။ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် စာရေးသူတို့သည် လွတ်လပ်ရေးအသီးအပွင့်များကို ခံစားနိုင်ခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးသည် မျက်စိတစ်မှိတ်အတွင်း ဆုံးရှုံးသွားနိုင်သဖြင့် ထာဝရထိန်းသိမ်းစောင့်ရှောက်သွားရန်သည် ပြည်သူအားလုံး၏တာဝန် ဖြစ်သည်။ ထို့အပြင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကိုလည်း အောက်မေ့သတိရဖို့နှင့် ကျေးဇူးသိတတ်ဖို့လည်း လိုပါသေးသည်။

### ဂုဏ်ပြုအလေးပြု

စင်စစ်အားဖြင့် ဒီမိုကရေစီအစိုးရလက်ထက်တွင် အာဇာနည်နေ့အခမ်းအနားကို အလေးထား ကျင်းပလျက်ရှိသည်။ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်မှန်း၍ ဘုရားအမှူးပြုသော သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းသည်။ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များကိုယ်တိုင် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် လွမ်းသူ့ပန်းခွေချပြီး အလေးပြုကြသည်။ ပြည်သူများကိုလည်း ပါဝင်တက်ရောက်ခွင့်ပြုခဲ့သည်။ မိုးအဆက်မပြတ် ရွာသွန်းနေသော်လည်း အာဇာနည်ကုန်းပေါ်တွင် ခေါင်းဆောင်ကြီးများကို လာရောက်အလေးပြုသူများနှင့် ပြည့်နေသည်။ ပီတိဖြစ်ဖွယ်ရာ မြင်ကွင်းပင်ဖြစ်သည်။

ထိုနေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နိုင်ငံတော်အလံအား အလံတိုင်တစ်ဝက်တွင်သာ လွှင့်ထူခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ဥသြဆွဲခြင်း၊ ထိုအချိန်တွင် သွားလာလှုပ်ရှားနေသော ပြည်သူများနှင့် ယာဉ်များအားလုံးသည် ရပ်တန့်၍ အလေးပြုခြင်းများ ဆောင်ရွက်ကြပါသည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိလေတိုင်း တိုင်းသူ ပြည်သားအားလုံး ဆွေးဆွေးမြည့်မြည့်ခံစားကြရသည်။ မျက်ရည်ဝဲကြသည်။ ယူကျုံးမရဖြစ်ရသည်။ နယ်ချဲ့လက်ပါးစေ အာဏာရူးတို့၏ လက်ချက်ကြောင့် အာဇာနည်များ ကြွေလွင့်ခဲ့ရသည်။

### စည်းလုံးညီညွတ်မှုသည် အရေးကြီး

ဗိုလ်ချုပ်သာ လုပ်ကြံမခံရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ယခုထက် ပိုမိုကျစ်လျစ်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ စည်းလုံးညီညွတ်သော တိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ယခုထက် ခံစားရမည်ဖြစ်သည်။ ဗိုလ်ချုပ် ကျဆုံးသွားသည်မှာ ၇၁ နှစ်ပြည့်တော့မည်ဖြစ်သော်လည်း တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။

ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တဖွဖွပြောဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက "တစ်တိုင်းပြည်လုံးကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနှင့် စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်"ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ပင်လုံမြို့ စော်ဘွားများ ညစာစားပွဲ၌ ပြောကြားခဲ့ပါသည်။ ထိုစကားသည် မျက်မှောက်ခေတ် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များအတွက် ကြိုတင်သတိပေးပြောကြားသွားခြင်း ဖြစ်သည်။

### အုတ်တစ်ချပ် သဲတစ်ပွင့်မျှပါဝင်သင့်

အာဇာနည် ခေါင်းဆောင်ကြီးအား လေးစားကြည်ညိုကြောင်းကို အလုပ်နှင့် သက်သေပြသွားရန်လည်း လိုအပ်ပါသည်။ လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၁ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အပြည့်အဝ မတည်ဆောက်နိုင်သေးသဖြင့် တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရပါသည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးကဲ့သို့ စွမ်းဆောင်နိုင်စွမ်း မရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

### ရက်လရာသီ အလီလီပြောင်းသော်လည်း

အာဇာနည် ခေါင်းဆောင်ကြီးများက တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင် စွန့်လျက် မနားမနေကြိုးစားခဲ့သည်မှာ နိုင်ငံသားအားလုံး အတုယူဖွယ်ရာဖြစ်သည်။ ထိုသို့ ဗိုလ်ချုပ်တို့ အသက်စွန့်ပြီး ရယူခဲ့သော လွတ်လပ်ရေးကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းသွားရန်သည် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားအားလုံး၏တာဝန်ပင် ဖြစ်သည်။ ထိုလွတ်လပ်ရေးကို ထာဝစဉ် ထိန်းသိမ်းသွားနိုင်ရန်သည် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်မှုရှိနေရမည်ဖြစ်သည်။

စင်စစ်အားဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အစိုင်အခဲဖြစ်နေသော အတိတ်က အာဃာတများ၊ သံသယများကို သင်ပုန်းချေပြီးမှသာ ထိုသွေးစည်းညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ သို့မှသာလျှင် နိုင်ငံသားအားလုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့် ၇၁ နှစ်မြောက် အာဇာနည်နေ့မှစ၍ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းထားသည့်အတိုင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်လျက် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားသင့်ပါသည်။

လွတ်လပ်ရေး၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ၇၁ နှစ်ပြည့်ပြီဖြစ်သည်။ ရက်လရာသီ မည်မျှပင်ပြောင်းလဲနေစေကာမူ မြန်မာပြည်သူ ပြည်သားအားလုံးသည် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရအောက်မေ့နေကြမည်မှာ ဧကန်မုချပင် ဖြစ်သည်။ ။

# ကျောက်မျက်ရတနာ သင်တန်းကျောင်း(ရွှေကြာပင်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် ကျောက်မျက်ရတနာသင်တန်းကျောင်း(ရွှေကြာပင်) ၂၀၁၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ က နေပြည်တော်ရှိ ကျောက်မျက်ရတနာ သင်တန်းကျောင်း(ရွှေကြာပင်)၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ ပိတောက်ပင်အား စိုက်ပျိုးပေးသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျောက်မျက်ရတနာသင်တန်းကျောင်း(ရွှေကြာပင်)မှ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသားသင်တန်းသူများက ပိတောက်ပင် ၃၀၊ ငုဝါပင် ၅၀၊ စိန်ပန်းလေးအပင် ၃၀၊ ကံ့ကော်ပင် ၄၀၊ ခရေပင် ၄၀၊ မဟော်ဂနီ ၁၀ ပင် စုစုပေါင်း ပျိုးပင် ၂၀၀ ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# မီဒီယာဆက်ဆံရေးနှင့်ပြည်သူ့ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် Konrad Adenauer Stiftung Ltd. (KAS) တို့ ပူးပေါင်းကျင်းပသည့် မီဒီယာဆက်ဆံရေးနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် KAS Ltd. မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Norbert Eschborn တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ KAS မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုတစ်ကြိမ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် KAS တို့ ပူးပေါင်းပြုလုပ်သည့် ယခုသင်တန်း၏ ထူးခြားချက်မှာ သင်တန်းသူ သင်တန်းသားအားလုံးက ပြန်ကြားရေးဝန်ကြီးဌာနမှ အလယ်အလတ်အဆင့်ရှိသည့် အရာရှိများဖြစ်ပြီး ဆွေးနွေးပို့ချမည့် အကြောင်းအရာမှာ ပြည်သူ့ဆက်ဆံရေးနှင့် မီဒီယာဆက်ဆံရေးဆိုင်ရာ ကိစ္စများ ပါဝင်ကြောင်း။

"ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ စိန်ခေါ်မှုတွေ အများကြီးတွေ့ကြုံနေရပါတယ်။ အဓိက ကတော့ နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းဟာ နိုင်ငံတစ်ခုခုအပေါ်မှာ အရေးကြီးတဲ့မူဝါဒတွေ ချမှတ်တဲ့အခါမှာ ဩဇာကြီးမားတဲ့နိုင်ငံတကာမီဒီယာကြီးတွေရဲ့ ရေးသားဖော်ပြချက်တွေအပေါ် အခြေခံလေ့ရှိကြပါတယ်"

"ဒါကြောင့် မီဒီယာရဲ့ သဘောသဘာဝကို ထဲထဲဝင်ဝင်နားလည်ပြီး မီဒီယာတွေနဲ့ စနစ်တကျဆက်ဆံဖို့ အချိန်ကျရောက်လာပါပြီ"ဟု ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် ဗဟုသုတများကို တိုင်းပြည်အတွက် အကျိုးအရှိဆုံးဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းခဲ့သည်။

နှစ်ရက်ကြာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာရှိ ၁၉ ဦး တက်ရောက်လျက်ရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ စည်ကားစွာ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Myanmar Tourism Federation ၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ ကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်တိုးတက်မြင့်မားလာစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ခရီးသွားပြည်သူများ ပိုမိုသိရှိလာစေရန်အတွက်လည်းကောင်း၊ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိစေရန်အတွက် ထိုပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း Travel Support ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်က ပြောကြားသည်။

"ဒီလို Expo ပြပွဲကို ကျွန်တော်တို့အနေနဲ့ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်၊ အဓိက ဒီပြပွဲမှာ ခရီးသွားလုပ်ငန်းအောက်မှာ အကျုံးဝင်တဲ့ ဟိုတယ်တွေ၊ ခရီးသွားအေးဂျင့်တွေ၊ လေကြောင်းလိုင်းတွေ၊ အာမခံအကြောင်းအရာတွေအပြင် ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ အခြားအဖွဲ့အစည်းတွေရဲ့ ပြခန်းတွေကိုပါ ခင်းကျင်းပြသသွားမှာပါ၊ ပြပွဲကို လာရောက်ကြည့်ရှုကြမယ့်သူတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိစေပါလိမ့်မယ်၊ အပန်းဖြေကိစ္စအတွက် နေရာတစ်ခုခုကို သွားရောက်လည်ပတ်ဖို့ သတင်းအချက်အလက်ရှာဖွေနေတဲ့သူတွေအတွက် ပြပွဲမှာ ပြည့်ပြည့်စုံစုံမေးမြန်း လေ့လာနိုင်မှာဖြစ်ပါတယ်၊ ခရီးသွားအေးဂျင့်တွေကလည်း ပြပွဲလာပြည်သူတွေအတွက် ပရိုမိုးရှင်းတွေ၊ ကံစမ်းမဲအစီအစဉ်တွေပါ ထည့်သွင်းစီစဉ် လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ(မြန်မာ) ၂၀၁၈ ပြပွဲကြီး၌ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ပြခန်းပေါင်း ၁၀၀ ကျော်ကို ထည့်သွင်းပြသသွားမည်ဖြစ်ပြီး Myanmar Tourism Federation (MTF) ၏ လမ်းညွှန်မှုနှင့် ကူညီပံ့ပိုးမှုတို့ဖြင့် အဆိုပါပွဲကို နှစ်စဉ် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဖျာပုံမြို့နယ် ကျေးရွာ ၁၉ ရွာ မီးလင်းရေး ဆိုလာစနစ်ဖြင့် အချိုးကျ တပ်ဆင်ပေး

**ဖျာပုံ ဇူလိုင် ၄**

မိုးသည်းထန်၍ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်လေ့ရှိသည့် ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်များတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် အိမ်သုံးဆိုလာများ ပျက်စီးထိခိုက်မှုမရှိစေရေးနှင့် တပ်ဆင်ဆဲ ဆိုလာစီမံချက်များ သတ်မှတ်ရက်အတွင်း ပြီးစီးရေးအတွက် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင် ၃ ရက်တွင် ဂျိုဝါထလွန်ကျေးရွာအုပ်စု ကံကြီးကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဖျာပုံမြို့နယ် ကျေးရွာ ၁၉ ရွာရှိ အိမ်ထောင်စု ၁၁၆ စုအား ဝပ် ၆၀ ဆိုလာစနစ်၊ အိမ်ထောင်စု ၅၀၂ စုအား ဝပ် ၁၀၀ ဆိုလာစနစ် စုစုပေါင်းအိမ်ထောင်စု ၁၆၆၄ စုအား ဌာနနှင့် ဒေသအချိုးကျစနစ်ဖြင့် တပ်ဆင်ပေးခဲ့ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း၊ ဆေးပေးခန်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လမ်းမီးတိုင်များအား ကျေးလက်မီးလင်းရေးလုပ်ငန်းစီမံကိန်း (ICB-2)ဖြင့် ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဖွင့်

**ကဝ ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာအုပ်စု အလယ်ရွာကျေးရွာ၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**ငြိမ်းချမ်း (ပြန်/ဆက်)**



## ပြည်တွင်းရေးရာ



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအတွက် စီးပွားရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲ ကျင်းပစဉ်။

**✻ ပြည်ထောင်စုမှ**

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးသို့ တင်ပြမည့်အချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။

### သဘောတူစာချုပ်တင်သွင်း

စီးပွားရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဦးလှမောင်ရွှေက "ကျွန်တော်တို့ စီးပွားရေးကဏ္ဍအနေနဲ့ အရင်တစ်ပတ် အချက် ၃၇ ချက်မှာတုန်းက အချက် ၁၁ ချက်ကို ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)အနေနဲ့ တင်သွင်းနိုင်ခဲ့ပါတယ်။

"အခုအကြိမ်မှာ စီးပွားရေးကဏ္ဍအနေနဲ့ အချက် ၁၀ ချက်ကျော်ကို တင်သွင်းနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ အခုအထိ ဆွေးနွေးနေတဲ့ အခြေအနေအရ အချက် ၁၅ ချက်လောက်ကို UPDJC ကို တင်နိုင်မယ်။ ဒါပေမယ့် ညီလာခံကို အချက် ဘယ်နှချက် တင်သွင်းရမလဲဆိုတာကို UPDJC က ဆုံးဖြတ်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

### အကြိတ်အနယ်ဆွေးနွေး

လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများအတွင်း ကဏ္ဍအလိုက် ဆွေးနွေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အဓိကကတော့ ပြီးခဲ့တဲ့ UPDJC မှာ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တယ်။ အထူးသဖြင့် နိုင်ငံရေးကဏ္ဍနဲ့ပတ်သက်လို့ ခေါင်းစဉ်နှစ်ခု တင်တယ်။ ပထမတစ်ချက်က တိုင်းရင်းသားလူနည်းစုအခွင့်အရေး၊ ဒုတိယအချက်က ဒီမိုကရေစီလူ့အခွင့်အရေးနဲ့ ကျား၊ မ တန်းတူရေးတို့ဖြစ်ပါတယ်။ ဒီနှစ်ချက်ကို UPDJC မှာ ကျွန်တော်တို့ အကြိတ်အနယ် ဆွေးနွေးကြပါတယ်။

"လူနည်းစုကိစ္စအပေါ်မှာ သဘောတူညီချက်မရဘူး။ တိုင်းရင်းသားလူနည်းစုနဲ့ အခြားလူနည်းစုပါ။ ဒီအပေါ်မှာ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာလည်း နိုင်ငံရေးကဏ္ဍမှာ တော်တော်လေး အပြင်းအထန် ပြောရပါတယ်။ ဒီလိုပြောရတဲ့အတွက် အခုညီလာခံမှာ အဲဒီကိစ္စကို မဆွေးနွေးသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ ဘာတွေရသွားလဲဆိုရင် အဓိက ကျွန်တော်တို့က ငြိမ်းချမ်းရေးညီလာခံကို စပြီး ဦးတည်တာက ဖက်ဒရယ်မူဘောင်ဖြစ်ပါတယ်။ ဖက်ဒရယ်မူဘောင်တွေ မပြတ်သေးပါဘူး။ မပြတ်သေးတဲ့အတွက် ဒီမိုကရေစီအခြေခံမူတွေ ကျန်ပါသေးတယ်။ အဲဒီတော့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အခြေခံမူတွေကို ကျွန်တော်တို့က ဆွေးနွေးဖို့ မူလကဦးတည်ထားတာမရှိဘူး။ မရှိတော့ ဒီမိုကရေစီအခွင့်အရေးတွေ၊ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတွေပေါ်မှာလည်း စကားလုံးအရ အကျေအလည်မရဘူး၊ မရတော့ နောက်ဆုံးတစ်ချက်က နိုင်ငံရေးကဏ္ဍမှာတော့ ကျား၊ မ တန်းတူရေးနဲ့ ပတ်သက်ပြီးတော့ သဘောတူညီချက်ရအောင် ဆွေးနွေးမယ်။ ကျန်တဲ့ကဏ္ဍတွေကတော့ သိပ်ပြီး များများစားစား အငြင်းပွားစရာမရှိဘူး။ စီးပွားရေးနဲ့ မြေယာကဏ္ဍတွေကလည်း ထွက်သင့်သလောက်ထွက်မယ်။ လူမှုရေးကလည်း မူလက သဘောတူထားတာ ခြောက်ချက်ရှိတယ်။ အခုသုံးရက်မှာလည်း ထပ်ဆွေးနွေးဖို့ရှိတယ်။ မူလ မှန်းထားတာကတော့ ၁၀ ချက်လောက်ကို လူမှုရေးကဏ္ဍက တင်နိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ဒီညီလာခံမှာ နိုင်ငံရေးကဏ္ဍမှာ သဘောတူညီချက်က နည်းမယ့် သဘောရှိတဲ့အတွက် ကျန်တဲ့ကဏ္ဍတွေကနေ သဘောတူညီချက်တွေ အများဆုံးရအောင် ကြိုးပမ်းသွားမယ်လို့ ဆုံးဖြတ်ထားတယ်"ဟု ပြောသည်။

### တက်ရောက်

ယနေ့ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ၊ အကျိုးဆောင်များနှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများကို ဇူလိုင် ၆ ရက်ထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ထိုင်းလူငယ်များ လိုဏ်ဂူပြင်ပသို့ ထွက်လာနိုင်ရေး အောက်ဆီဂျင်အသုံးပြုပုံနှင့် ရေငုပ်နည်းများ လေ့ကျင့်ပေး

**မယ်ဆိုင် ဇူလိုင် ၄**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း၌ ရှိသော လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား ခေါ်ထုတ်နိုင်ရန်အတွက် အခြေခံအစားအစာများနှင့် ပရိုတိန်းဓာတ် ပါဝင်မှုမြင့်မားသည့် အစားအစာများကို ကျွေးမွေးလျက်ရှိပြီး ယခုအခါ ၎င်းတို့ လိုဏ်ဂူပြင်ပသို့ ထွက်လာနိုင်ရေးအတွက် အောက်ဆီဂျင် အသုံးပြုပုံများနှင့် ရေငုပ်နည်းပညာရပ်များကို Navy Seal အဖွဲ့မှ အနီးကပ် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

### ဆောင်ရွက်ပေး

လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအတွက် ဆရာဝန်၊ သူနာပြုများ ပါဝင်သည့်အဖွဲ့ဖြင့် အနီးကပ် ကျန်းမာရေး စောင့်ရှောက်မှုများ၊ လိုဏ်ဂူပြင်ပသို့ ထွက်နိုင်ရန်အတွက် လိုအပ်သည့် လေ့ကျင့်မှုများကို ပြုလုပ်ပေးနေသည့်အပြင် ၎င်းတို့၏ နည်းပြဆရာကလည်း လိုဏ်ဂူအတွင်း နေထိုင်ရမည့် ပုံစံနှင့် စိတ်ဓာတ်ခွန်အား မြင့်မားစေရန်အတွက် စိတ်ဓာတ်အင်အား မြှင့်တင်ပေးလျက်ရှိသည်။ လူငယ်ဘောလုံးအသင်းဝင်အချို့မှာ လိုဏ်ဂူအတွင်းမှ အင်းဆက်ပိုးမွှားများ အကိုက်ခံရခြင်းကြောင့် လိုအပ်သည့် ဆေးဝါးများဖြင့် ကုသပေးလျက်ရှိကြောင်း၊ မိသားစုဝင်များနှင့် ဖုန်းဆက်သွယ်မှုရရှိရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် လူငယ်ဘောလုံးအသင်းဝင်များမှာ လက်ရှိအနေအထားအရ ကျန်းမာရေး ကောင်းမွန်လျက်ရှိပြီး မည်သည့်အချိန်ခေါ်ထုတ်နိုင်မည်ကို အတည်ပြုပြောဆို၍ မရသေးကြောင်း ယနေ့နံနက်ပိုင်းက ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူး မစ္စတာ နလုံးဆတ် အိုစတာနတ်ကွန်းနှင့် တာဝန်ရှိသူများက နိုင်ငံတကာမီဒီယာများကို ပြောကြားခဲ့သည်။ ယခုအခါ လူငယ်ဘောလုံးအသင်းဝင်များမှာ ၎င်းတို့ရှိသည့်နေရာနှင့် ငါးကီလိုမီတာအကွာ အဝေးတွင်ရှိသော လိုဏ်ဂူပေါက်ဝသို့ ထွက်နိုင်ရန်အတွက် လိုအပ်သည့် လေ့ကျင့်မှုများကို ထိုင်းရေတပ်မှ ဆရာဝန်များအပါအဝင် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့များ အကူအညီဖြင့် လေ့ကျင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လိုဏ်ဂူပြင်ပ ထွက်ရန်အတွက် လမ်းတစ်လျှောက် ကျဉ်းမြောင်းသည့် ဂူအတွင်းလမ်းကြောင်းရှိ ရေစီးသန်သည့် နေရာများနှင့် ရွှံ့ရေများအတွင်းမှ ရေငုပ်ထွက်ကြရမည်ဖြစ်ရာ အတွေ့အကြုံမရှိသည့် လူငယ်ဘောလုံးအသင်းဝင်များ ရေငုပ်ဝတ်စုံအသုံးပြု၍ အန္တရာယ်ကင်းစွာ ထွက်လာနိုင်ရန်အတွက် ယခုအခါ အထူးကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လိုဏ်ဂူအတွင်းမှ ရေစုပ်ထုတ်ခြင်း၊ ဂူနံရံဖောက်၍ ရေထုတ်ခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည့်အပြင် လူငယ်ဘောလုံးအသင်းဝင်များအား လိုဏ်ဂူပြင်ပသို့ မိုးမရွာမီ အမြန်ဆုံးခေါ်ထုတ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးက တွန်းအားပေးထားကြောင်း သိရသည်။

### ရေးဆွဲထား

ယနေ့တွင် ချင်းရိုင်ခရိုင် ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်းရှိ လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား တွေ့ရှိသည့် ကျောက်ဆောင်ကုန်းပေါ်နေရာ၌ "တောဝက်ရဲ့ ၁၃ ယောက် အသက်"ဟုဆို၍ ရက်စွဲနှင့် ခုနှစ်ပါပုံအား ရေးဆွဲပေးခဲ့ကြောင်း၊ အဆိုပါပုံရေးဆွဲမှုမှာ ရာဇဝင်တစ်ခုတွင် ကျန်ရစ်ရန်အတွက် ရေးဆွဲပေးခဲ့ခြင်းမဟုတ်ကြောင်းနှင့် ၎င်းတို့အား စိတ်ဓာတ်ခွန်အား ဖြည့်ပေးရန်အတွက်သာ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ထမ့်လုံခွန်နမ့်လိုဏ်ဂူမှာ ပုံမှန်အားဖြင့် စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလအထိ ရေကြီးလေ့ရှိပြီး ရေအနက်မှာ အချို့နေရာများတွင် ၁၅ ပေအထိရှိတတ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား ကယ်ဆယ်ရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းကို နိုင်ငံတော်အဆင့် ကယ်ဆယ်ရေးသတ်မှတ်၍ ဆောင်ရွက်နေသည့်အပြင် လာရောက်ကူညီနေသည့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များကိုလည်း ထိုင်းနိုင်ငံ ဘုရင်၏ ဘုရင့်ဧည့်သည်တော်များအဖြစ် သတ်မှတ်လိုက်ကြောင်း၊ ယနေ့နံနက်ပိုင်းမှစတင်၍ လိုဏ်ဂူပြင်ပသို့ ထွက်ရှိလာမည့် လူငယ်ဘောလုံးအသင်းဝင်များအား ၎င်းတို့၏ မိသားစုဝင်များက အထူးပျော်ရွှင်ဝမ်းမြောက်ကြည်နူးစွာ စောင့်ဆိုင်းလျက်ရှိကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ပွင့်သစ္စာ**



Photo : Navy Seal

---



## မန္တလေးမြို့ ကျုံးပတ်လည်တွင် လက်ရန်းနှင့် လျှောက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်

**မန္တလေး ဇူလိုင် ၄**

မန္တလေးမြို့ ကျုံးပတ်လည်တွင် ကျန်ရှိနေသည့် လျှောက်လမ်းများနှင့် လက်ရန်းများ အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

လက်ရှိတွင် ကျုံးတောင်ဘက်ခြမ်းရှိ အကာအရံများကို စတီးလက်ရန်း အကာအရံများဖြင့် အစားထိုးပြောင်းလဲ တပ်ဆင်ခြင်းလုပ်ငန်းနှင့် ကျုံးတောင်ဘက်နှင့် အနောက်ဘက်ရှိ လျှောက်လမ်းများအား အဆင့်မြှင့်တင်ခင်းခြင်း လုပ်ငန်းကို မတ်လအတွင်းက စတင်ဆောင်ရွက်ကာ ဧပြီလတွင် အပြီး လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"ကျုံးပတ်လည်မှာ ကျန်နေသေးတဲ့ လက်ရန်းနဲ့ လျှောက်လမ်း ပြုပြင်ဖို့အတွက် ကျွန်တော်တို့ ကော်မတီက ဆက်လုပ်ချင်ပေမယ့် ဘတ်ဂျက်ကို ကြိုတင်လျာထားတွက်ချက်ပြီးမှ ဆောင်ရွက်ရတာဖြစ်လို့ ချက်ချင်းလုပ်လို့ မရဘူးဖြစ်နေတယ်။ ဒါပေမယ့် မြို့ခံလူထုက မြို့ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပါဝင်ခဲ့တယ်ဆိုတဲ့ ခံစားချက်ကို လိုချင်ကြလို့ ဝိုင်းပြီး လှူဒါန်းလုပ်ဆောင်ကြဖို့ ကမ်းလှမ်းလာတယ်။ မြို့တော်ဝန်ကလည်း ဒါကိုစဉ်းစားပြီး အင်ဂျင်နီယာတွေနဲ့ တစ်ခန်းကို လုပ်အားခ မပါဘဲ ကုန်ကြမ်းတန်ဖိုး ဘယ်လောက်ကျမလဲဆိုတာ တွက်ချက်နေပါတယ်။ ဒီလအတွင်းမှာ ကျသင့်ငွေတန်ဖိုးတွေ ထွက်လာရင် မြို့လူထုကို အသိပေးကြေညာပြီး လှူဒါန်းမှုတွေရှိလာရင်တော့ ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိဆောင်ရွက်ပြီးစီးခဲ့သည့် စတီးလက်ရန်းအကာအရံတပ်ဆင်ခြင်းနှင့် လျှောက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မန်းသီတာဥယျာဉ်တည်ဆောက်ရန် လျာထားသည့် ဘတ်ဂျက်ငွေမှ စတီးလက်ရန်းကာရံခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်းပေါင်း ၃၀၀၀ နှင့် ကျုံးတောင်ဘက်နှင့် အနောက်ဘက်ရှိ လျှောက်လမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ငွေကျပ်သိန်းပေါင်း ၃၅၀၀ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ကျေးရွာပေါင်း ၄၃ ရွာကို အသိပညာပေးဆောင်ရွက်



**မန္တလေး ဇူလိုင် ၄**

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ကျေးရွာပေါင်း ၄၃ ရွာကို အသိပညာပေးခြင်းများကို ယနေ့မှစပြီး ဆောင်ရွက်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ သိရသည်။

ပုဂံဒေသ၏ သမိုင်းအမွေအနှစ်အရ တန်ဖိုးရှိပုံ၊ ယဉ်ကျေးမှုအမွေအနှစ်အရ တန်ဖိုးရှိပုံ၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်း၏ ရည်ရွယ်ချက်များ အသိပညာပေးခြင်းများအား ယနေ့မှစပြီး ဩဂုတ်လကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“အမွေအနှစ်ကို ထိန်းသိမ်းဖို့ သမိုင်းအမွေအနှစ်ကို ရှင်းပြတယ်၊ ဘာကြောင့် တန်ဖိုးရှိတယ်ဆိုတာ သိပ်မသိကြဘူး၊ တန်ဖိုးရှိတဲ့အကြောင်းတွေ ပြောမယ်၊ ကမ္ဘာ့အမွေအနှစ် သွင်းရတဲ့အကြောင်း ရှင်းပြမယ်၊ ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးကို နားလည်တယ်၊ သိတယ်ဆိုရင် ဒါတွေကို တန်ဖိုးထားမှာပဲ”ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောသည်။

ယခုလို အသိပညာပေးမှုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဒေသကို ချစ်မြတ်နိုးသော ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် Nomination Dossier ကို ကမ္ဘာ့အမွေအနှစ်ဗဟိုကော်မတီထံ ပြီးခဲ့သည့် ဇန်နဝါရီ ၂၅ ရက်က တင်သွင်းခဲ့ပြီးဖြစ်သည်။ International Council on Monuments and Sites (ICOMOS) က လာမည့်စက်တင်ဘာလတွင် ပုဂံဒေသအား လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**အိမ့်မို့မို့ခိုင်**



# ရမ်းပြဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရမ်းပြဲမြို့နယ်ရုံးမှ ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရမ်းပြဲမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမောင်ဦးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် သင်တန်းမှရရှိသော ပညာများဖြင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၄ ရက်မှ ဇူလိုင် ၃ ရက်အထိက ဘာသာရပ်ခုနစ်မျိုးအား တစ်လကြာ သင်ကြားပို့ချခဲ့ပြီး ကျေးရွာခြောက်ရွာမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်က ပြည်ထောင်စုနယ်မြေ အင်ဂျင်နီယာချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများနှင့် မူလတန်းကြိုအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၂၅၅ ဦးအား အဆင့်အလိုက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာ့ပင်လယ်ပြင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



# ပြည်ကြီးတံခွန်မြို့နယ်ရှိ Rose ကွတ်ကီးနှင့် မုန့်စက်ရုံအတွင်း မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ) ရပ်ကွက် သခင်ဖိုးလကြီးလမ်းနှင့် ၅၂ × ၅၃ လမ်းကြား ပိုင်ရှင် ဦးကျော်မင်းအောင်၏ ပေ ၅၀ × ပေ ၁၀၀၊ ပေ ၅၀ × ပေ ၁၅၀ ရှိသော RC လေးထပ် Rose ကွတ်ကီးနှင့် မုန့်စက်ရုံအတွင်း ယနေ့ညနေ ၄ နာရီ ၁၈ မိနစ်တွင် အပေါ်ဆုံးထပ် မျက်နှာကြက်တွင် တပ်ဆင်ထားသော လေးပေမီးချောင်း ချုပ်အပူလွန်ကဲရာမှ မီးပွားများချပ်ဖာပေါ်သို့ကျကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်အစီး ၃၀၊ ရေသယ်ယာဉ် အစီး ၂၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ အထပ်မြင့်မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေဘောက်ဆာသုံးစီး၊ သန္ဓေမီးသတ် ၁၂၀၊ အရန်မီးသတ် ၁၈၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးထိန်းနိုင်ကာ ညနေ ၅ နာရီတွင် မီးလုံးဝငြိမ်းသွားသည်။ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာသေဆုံးမှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူ ဦးမျိုးမြင့်အား ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
UNFPA

ကမ္ဘာ့လူဦးရေနေ့

“လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်းဖော်ဆောင်စို့”

“Family Planning is a Human Right”

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

မီးဘေးရှောင် မလောင်ခင်တား

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဓာတုဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။
(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019(Sample-2)**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**

**CHEMISTRY** **Time Allowed: 3 Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET**
**The symbols in this paper have their usual significance**

## SECTION (A)
**(Answer ALL questions)**

1. Write **TRUE** or **FALSE** for each of the following statements. **(7 marks)**
   (a) Hydrogen sulphide is a weaker acid than carbonic and sulphurous acids.
   (b) Aluminium is usually manufactured by electrolysis.
   (c) Concentrated sulphuric acid can be used as a primary standard.
   (d) The silicate impurity from the iron ore may be removed as calcium silicate.
   (e) Small $pK_a$ values indicate weak acids.
   (f) A cathode is equivalent to a reducing agent.
   (g) Chlorine has little affinity for hydrogen.

2. Fill in the blanks with the correct word(s), phrase(s), term(s), unit(s), etc., as necessary. **(7 marks)**
   (a) Aqueous solutions of ---------- substances such as sugar and urea, do not conduct electricity.
   (b) The atom with duplet structure is -----------.
   (c) When the two opposing reactions are proceeding at equal ---------, the equilibrium is established in a system.
   (d) One gram of hydrogen gas occupies --------- $dm^3$ at STP. (H=1)
   (e) Nitrogen forms the major constituent of the ---------, being present to the extent of about 79% by volume of the air.
   (f) Melting of ice is a (an) --------- process.
   (g) The linkage of an ethyl group with a methyl group would give ---------.

3. Select the correct word(s), notation(s), term(s), unit(s), etc., given in the brackets. **(7 marks)**
   (a) The volume of a gas [expends; contracts; remains constant] when it is cooled.
   (b) [Pure calcium; Magnesium; Aluminium] is a soft grey metal.
   (c) [Kinetic; Thermal; Chemical] energy is the energy due to the moving of the body.
   (d) 1.0 $dm^3$ of 0.1M sodium hydroxide contains [4 g; 0.4 g; 40 g] of pure NaOH. (Na=23, O = 16, H= 1)
   (e) The first four members of normal alkanes are [solids; liquids; gases].
   (f) The molecule of [$PF_3$; $BF_3$; $ClF_3$] does not deviate the octet rule.
   (g) An important source of iron is [argentite; haematite; bauxite].

4. Match each of the items in **List A** with the appropriate items given in **List B**. **(7 marks)**

| **List A** | **List B** |
|---|---|
| (a) Zig-zag arrangement | (i) dinitrogen oxide |
| (b) Solvent for iodine | (ii) alumina |
| (c) Petroleum refinery by-product | (iii) ammonia |
| (d) Anaesthetic for minor surgical operation | (iv) ethene |
| (e) Composition of cement | (v) ethanol |
| (f) Lewis base | (vi) mercury |
| (g) Conductor | (vii) plastic sulphur |

5. Define the following: **(8 marks)**
   (a) Enthalpy change
   (b) Reaction rate
   (c) Bittern
   (d) Basicity
   (e) A neutral aqueous solution
   (f) Periodic table
   (g) Relative density of gas
   (h) Insulator

## SECTION (B)

6. Answer **ALL** questions. **(12 marks)**
   (a) Write down the molecular formulae of each of the following organic compounds containing four carbon atoms respectively.
   (i) Alkane (ii) Alkene (iii) Alkyne (iv) Alcohol
   (b) Does solid sodium chloride conduct electricity? If so why so or if not why not?
   (c) What type of bond exists between $NH_3$ molecule and $H^+$ ion? Can this type of bond be formed in $H_3O^+$ ion?
   (d) Describe whether each of the following solution is alkaline, acidic or neutral.
   (i) sodium methanoate solution (ii) ammonium nitrate solution
   (e) Why does common salt become damp when it is exposed to the air? Is sodium chloride a deliquescent substance?
   (f) Which gas, ammonia or carbon dioxide is lighter than air? Explain why. (The relative density of air = 14.5)

7. Answer any **FIVE** questions. **(20 marks)**
   (a) (i) Write down the period numbers of the elements, $_{10}Ne$ and $_{20}Ca$ .
   (ii) In each of the following groups, select the one which has the largest radius. $_3Li$, $_{11}Na$, $_{19}K$ and $_5B$, $_6C$, $_7N$
   (iii) Give the difference between ionic compounds and covalent compounds based on electrical conductivity.
   (iv) Draw the electron dot-cross formula of the compound, $BCl_3$.
   (b) (i) State Dalton's Law of partial pressure and Gay- Lussac's Law of combining volumes of gases.
   (ii) What will be the volume of hydrogen chloride gas when 100 $cm^3$ of hydrogen and 50 $cm^3$ of chlorine are mixed? (All gases are measured at the same conditions.)
   (c) An electric current is passed in turn through solutions of silver nitrate, copper, (II) sulphate and dilute sulphuric acid in series. If 0.45 g of silver were deposited at the cathode of the first cell, calculate the volume of hydrogen liberated at STP in the third cell. Mention the law used in this problem. (Ag=108, Cu= 63, H=1)
   (d) Balance the following equations by using either oxidation number method or ion-electron (half reaction) method.
   (i) $K_2Cr_2O_7 + HI + HClO_4 \longrightarrow KClO_4 + Cr(ClO_4)_3 + I_2 + H_2O$
   (ii) $H_2O_2 + H^+ + I^- \longrightarrow H_2O + I_2$
   (e) (i) A 0.5 g of magnesium ribbon completely reacts with dilute hydrochloric acid in 0.1min. Calculate the rate of reaction in unit , $g\ s^{-1}$ .
   (ii) How would you affect on the following equilibrium to see the red colour?
   $Fe^{3+}_{(aq)} + SCN^-_{(aq)} \rightleftharpoons FeSCN^{2+}_{(aq)}$
   Pale yellow colourless red coloured complex
   (f) (i) Give the typical composition and uses of hard steel.
   (ii) Complete the following equations in **symbols only**.
   $AgCl(s) + NaCN(aq) \longrightarrow ?$
   $FeCl_3(aq) + NaOH(aq) \longrightarrow ?$
   (g) Explain the properties of sulphur dioxide and nitrogen dioxide according to the following.
   (i) odour (ii) action with water
   (h) (i) Write down the photosynthesis reaction and bacterial action on ammonia.
   (ii) Describe superphosphate by giving composition, colour and type of fertilizer.

8. Answer any **FOUR** questions. **(32 marks)**
   (a) (i) Give one example each of acidic buffer and alkaline buffer respectively.
   (ii) The heat change for the following exothermic reaction is
   $NaOH(aq) + HCl(aq) \rightleftharpoons NaCl(aq) + H_2O(l) \quad \Delta H^0 = -57.3\ kJ\ mol^{-1}$
   State the heat changes for the following reaction in dilute aqueous solution and give reasons for your answers.
   (A) $KOH(aq) + HNO_3(aq) \longrightarrow KNO_3(aq) + H_2O(l)$
   (B) $2NaOH(aq) + H_2SO_4(aq) \longrightarrow Na_2SO_4(aq) + 2H_2O(l)$
   (b) (i) Draw the structural formulae of propyne and ethanol.
   (ii) What happens when acetylene is treated with liquid bromine in the absence of solvent?
   (iii) How would you prepare methane from sodium ethanoate?
   (iv) Illustrate the formation of inorganic ester.
   (c) (i) What can the exhaust fumes be composed of?
   (ii) Arrange kerosene, petrol and diesel oil in the decreasing order of their boiling point ranges. Give one example used for each of them.

စာမျက်နှာ ၁၁ သို့

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်မည်။

၂။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများအပြင် ပုဂ္ဂလိကမီဒီယာများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည်။

၃။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသပေးရန်၊ ပြန်လည်ထူထောင်ပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရန် ပရဟိတအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်မည်။

၄။ စာသင်ကျောင်းများအနီး၊ လူငယ်များအနီးတွင် မူးယစ်ဆေးကင်းစင်ရန် **တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ**သည် ကျောင်းသား၊ မိဘ၊ ဆရာများအပြင် လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်။

၅။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်မြို့နယ်နှင့် အောက်ခြေအထိ ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များ၏ ဖွဲ့စည်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်၊ ထိရောက်မှုနှင့် လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး **ပိုမိုထိရောက်၊ ခိုင်မာသည့် အပြောင်းအလဲများ** ဆောင်ရွက်မည်။

၆။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်ပြီး **တိုင်းရင်းသားဒေသများ**တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး ဒေသဖွံ့ဖြိုးရေးနှင့် တရားဝင်စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ မူးယစ်ဆေးဝါးထုတ်လုပ်မှု ရောင်းဝယ်ဖောက်ကားမှုများကို လုံခြုံစွာ သတင်းပေးတိုင်ကြားနိုင်မည့် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို နိုင်ငံတော်သမ္မတရုံးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ အီးမေးလ်လိပ်စာများကို အမြန်ဆုံး ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တိုင်ကြားသူများ၏ လုံခြုံရေး၊ သတင်းအချက်အလက် မပေါက်ကြားရေးအတွက် လုံခြုံမှုအဆင့်အတန်းသတ်မှတ်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်း ချမှတ်ပေးထားပြီးဖြစ်သည်။

၈။ ဗဟိုအဖွဲ့၏ တိုက်ရိုက်ကွပ်ကဲကြပ်မတ်မှုအောက်တွင် **"မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့"**ကို သီးခြားဖွဲ့စည်းထားရှိပြီးဖြစ်ကာ သတင်းပေးတိုင်ကြားချက်များကို အခြေခံပြီး အထူးအဖွဲ့ကို စေလွှတ်သွားမည်ဖြစ်ပြီး အမိန့်ပေးကွပ်ကဲမှုလမ်းကြောင်း အတိုဆုံးဖြစ်အောင် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။

၉။ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများ၏ တရားမဝင်ပိုင်ဆိုင်မှုများကို သတင်းပေးတိုင်ကြားသူ၊ လက်ရဖမ်းဆီးသူနှင့် နိုင်ငံတော်အစိုးရ သင့်တင့်သော အချိုးအစားဖြင့် ခွဲဝေပေးမည်ဖြစ်ကာ **သတင်းပေးတိုင်ကြားသူများ၏ လုံခြုံရေး**အတွက် သတင်းထုတ်ပြန်ခြင်းပြုလုပ်မည်မဟုတ်သလို နိုင်ငံတော်၏ ချီးမြှင့်ငွေဖြစ်သည့်အတွက် အခွန်ကင်းလွတ်ခွင့်ပေးအပ်မည်။



တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက် တာမွေယာယီဈေးရှေ့ ကျိုက္ကဆံလမ်းမပေါ်၌ ဇူလိုင် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး လှဘုန်းကျော်၊ စခန်းမှူး ဒုရဲမှူး မျိုးမြင့်နှင့် သက်ဆိုင်ရာတပ်ဖွဲ့များ ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်။ ကြေးမုံ



လှိုင်မြို့နယ် အမှတ်(၁၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂ ရက်က လှိုင်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်က မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှုပပျောက်ရေး ပညာပေးဟောပြောစဉ်။ မီးမီး(လှိုင်)

## တနိုင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်အချို့၌ ရေဝင်ရောက်လျက်ရှိ

**တနိုင်း ဇူလိုင် ၄**

တနိုင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တနိုင်းချောင်းရေနှင့် ဆက်စပ်ချောင်းရေတို့မြင့်တက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် တနိုင်းမြို့၏ စိုးရိမ်ရေအမှတ် ၂၁ ပေအောက် ၁၈ ပေသို့ ရောက်ရှိနေပြီး ဆင်မ်ဆာ့ရပ်ကွက် (အောက်ချိုင့်) (ကွက်သစ်)၊ ပုန်ခုန်းရပ်ကွက် (ကွက်သစ်)နှင့် အခြားမြေနိမ့်ပိုင်းနေရာသို့ ချောင်းရေ ဝင်ရောက်လျက်ရှိသော်လည်း လတ်တလောတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မှု မရှိသေးသဖြင့် ချောင်းရေအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်းနှင့် တနိုင်း- ရှင်ဗွေယန် လီဒိုလမ်းမကြီး၏ အချို့နေရာများ သွားလာမှု အဆင်ပြေစေရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လတ်တလော ရေကြီး၊ ရေကျော်မှုအခြေအနေများကြောင့် လူနေအိမ်များ၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။



**မြို့နယ်( ပြန်/ဆက်)**

## ကာမိုင်း-ဖားကန့် ကားလမ်းမကြီးပေါ်သို့ ရေကျော်



**ကာမိုင်း ဇူလိုင် ၄**

မိုးကောင်း-ဖားကန့်သွားကားလမ်းမကြီးပေါ်ရှိ ကာမိုင်းမြို့နှင့် မအူပင်ကျေးရွာကြား (၆)မိုင် ကားလမ်းပေါ်သို့ ယနေ့နံနက် ၉နာရီခန့်မှစတင်၍ ရေတက်လာခဲ့ရာ ရေအမြင့် တစ်ပေကျော်ခန့်ရှိလာပြီး ကားလမ်းအရှည်ပေ ၂၀၀ ကျော်အထိ ရေများဖုံးလွှမ်းနေကြောင်း သိရသည်။

ၚင်းကားလမ်း ရေကျော်နေသည့်နေရာသို့ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ခရီးသွားမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအား ကာမိုင်းမြို့အုပ်ချုပ်ရေးမှူး၊ နယ်မြေခံရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှတာဝန်ရှိသူများက သွားရောက်၍လမ်းပြဆောင်ရွက်ပေးလျက်ရှိရာ လမ်းပိုင်းပိတ်ဆို့မှုမရှိဘဲ ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါရေကျော်နေမှုသည် ကာမိုင်းမြို့တွင် ရွာသွန်းသည့်မိုးကြောင့်မဟုတ်ဘဲ တနိုင်းမြို့နယ် မိုးရွာသွန်းမှုများမှ နန့်ကောင်းချောင်းရေမြင့်တက်လာမှုကြောင့်ဟု ယူဆရကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

ဆက်လက်၍ ကာမိုင်းမြို့တွင် ဇူလိုင် ၂ ရက်မှ ယနေ့ထိ မိုးရွာသွန်းမှုမရှိဘဲ မိုးအုံ့သည့်အခြေအနေသာရှိနေသည်။ **မြို့နယ်(ပြန်/ဆက်)**

○ စာမျက်နှာ ၁၀ မှ

(iii) A gas 'X' is obtained by heating ethyl chloride with an alcoholic potassium hydroxide on water bath. What is gas 'X'? Write down the chemical equation.

(iv) How would you distinguish between ethylene and acetylene?

(d) (i) In the manufacture of sulphuric acid by the Contact process, illustrate the dissolution of sulphur trioxide in the catalyst chamber.

(ii) A gas "G" is obtained by heating copper turnings with concentrated sulphuric acid. What is gas "G"? Write down the equation.

The gas "G" is collected by the upward displacement of air. Why?

What would happen if gas "G" is passed into iodine solution?

(e) (i) If 50.0 $cm^3$ of 0.1 M sodium hydroxide and 150 $cm^3$ of 0.02 M sodium hydroxide are mixed, what will be the molarity of the final solution?

(ii) What are the pKa values of hydrogen cyanide ($Ka = 4.8 \times 10^{-10}$) and hydrogen sulphate ion ($Ka = 1.2 \times 10^{-2}$)? Which one is more acidic?

(f) (i) Write the extraction of aluminium by electrolysis of the fused oxide.

(ii) Give the name and formula of a common ore of zinc and describe the chemistry involved in extracting zinc from it.




မှတ်ချက် ။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ(၁၀)ရက်နေ့ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများစာရင်းချုပ်စာအုပ်အား မှီငြမ်းထားခြင်းဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းထားသည့် စာရင်းဖြစ်ပါသည်။

**ဓာတ်မြစ် ။ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။**

# အီရန်မှ ရေနံဝယ်ယူခြင်းမပြုရန် အမေရိကန် လှုံ့ဆော်နေမှု သမ္မတ ရိုဟာနီ ဝေဖန်

**ဇူးရစ် ဇူလိုင် ၄**

အီရန်နိုင်ငံမှ ရေနံကို ဝယ်ယူခြင်းမပြုရန် အမေရိကန်ပြည်ထောင်စုက အခြားသောနိုင်ငံများအား တိုက်တွန်းနေခြင်းနှင့် ပတ်သက်၍ သမ္မတ ဟတ်ဆန် ရိုဟာနီက ပြင်းထန်စွာ ဝေဖန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေသော သမ္မတ ရိုဟာနီသည် ဇူးရစ်မြို့၌ ဇူလိုင် ၃ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် အထက်ပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။

အီရန်နိုင်ငံမှ တင်ပို့သော ရေနံကို ဝယ်ယူခြင်းမပြုရန် အမေရိကန်က အခြားနိုင်ငံများအား တိုက်တွန်းနေခြင်းသည် တစ်ဖက်သတ်ဆန်သော လုပ်ရပ်ဖြစ်ပြီး နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း သမ္မတ ရိုဟာနီက ပြောကြားသည်။



နောင်တစ်နေ့တွင် ရေနံထုတ်လုပ်သော နိုင်ငံများအားလုံးက ၎င်းတို့၏ ပိုလျှံနေသော ရေနံကို ပြည်ပသို့ တင်ပို့ရောင်းချလာနိုင်စွမ်း ရှိမည်ဖြစ်သဖြင့် အီရန်မှာ ပြည်ပသို့ ရေနံတင်ပို့ရောင်းချနိုင်စွမ်း ရှိတော့မည် မဟုတ်ဟူ၍ ယူဆလျှင် မှားယွင်းမည်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် သိပ္ပံရေးရာ၊ ဆေးဘက်ဆိုင်ရာနယ်ပယ်နှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သမ္မတ ရိုဟာနီက ပြောကြားသည်။ အီရန်နိုင်ငံအပေါ် စီးပွားရေးနှင့် သံတမန်ရေးတို့အရ ဖိအားပေးနိုင်ရန် အမေရိကန်အစိုးရက လှုပ်ရှားနေမှုကို အာခံလျက် နှစ်နိုင်ငံသဘောတူညီချက်များ ရရှိခဲ့သည်ဆို၏။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို ထိန်းချုပ်ကန့်သတ်နိုင်ရန် ရည်ရွယ်ပြီး ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သော နိုင်ငံတကာ သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်မည်ဟု မေလတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ၌ မတည်မငြိမ် ဖြစ်စေရေးအတွက် အီရန်နိုင်ငံက လုပ်ဆောင်နေသည်ဟု အမေရိကန်က စွပ်စွဲခဲ့ပြီး ယင်းနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ နိုင်ငံရေးပါတီရုံးတစ်ရုံး၌ ပေါက်ကွဲမှုဖြစ်ပွား၊ ၁၀ ဦးဒဏ်ရာရ

**မီရန်ရှား ဇူလိုင် ၄**

ပါကစ္စတန်နိုင်ငံ၌ နိုင်ငံရေးပါတီရုံးတစ်ရုံးတွင် ဇူလိုင် ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးဒဏ်ရာရရှိကြောင်း၊ နိုင်ငံအနောက်မြောက်ပိုင်း တိုင်းရင်းသားမျိုးနွယ်စု နေထိုင်သော မီရန်ရှားမြို့၌ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေချိန်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ပေါက်ကွဲမှုမှာ ခရစ်ကက်အားကစားသမားဘဝမှ နိုင်ငံရေးသမားဘဝသို့ ကူးပြောင်း လာသူ အီမရာခန်း ဦးဆောင်သော ပါကစ္စတန် တာရစ်အီအင်ဆာ့ဖ် (ပါကစ္စတန် တရားမျှတရေးလှုပ်ရှားမှုပါတီ)အမည်ရှိ နိုင်ငံရေးပါတီ၏ ရုံးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပါတီသည် အာဏာရ ပါကစ္စတန် မွတ်စလင်လိဂ်-နာဝပ်ဇ် (ပီအမ်အယ်လ်-အင်န်)အမည်ရှိ ပါတီအား စိန်ခေါ်သည့် အဓိက ပါတီတစ်ခုဖြစ်သည်။

ပေါက်ကွဲမှုကြောင့် လူ ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း၊ ပေါက်ကွဲမှု၏အကြောင်းရင်းကို အတိအကျမသိနိုင်သေးကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသော မြောက်ပိုင်း ဝါဇီရစ္စတန် တိုင်းရင်းသားမျိုးနွယ်စုဒေသမှ အမတ်လောင်းတစ်ဦးဖြစ်သူ မာလစ်အူရန်ဇက်ခန်းက ပြောကြားသည်။

ပါတီရုံး၌ လူအများစုဝေးလျက်ရှိနေချိန်အတွင်း လူတစ်ဦးက လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည်ဟု ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့မှ အမည်မဖော်သူ တစ်ဦးက ပြောကြားသည်။ သို့ရာတွင် မည်သည့် စစ်သွေးကြွအုပ်စုတစ်စုကမျှ ၎င်းတို့၏လက်ချက်ဟု ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အိန္ဒိယ၌ မီးရှူးမီးပန်း အလုပ်ရုံမီးလောင် ၁၀ ဦးထက်မနည်း သေဆုံး

**နယူးဒေလီ ဇူလိုင် ၄**

အိန္ဒိယနိုင်ငံ တောင်ပိုင်း တီလန်ဂါနာပြည်နယ်တွင် ဇူလိုင် ၄ ရက်က မီးရှူးမီးပန်းထုတ်လုပ်သည့် အလုပ်ရုံတစ်ရုံ၌ မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးပြီး လူအချို့ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်နယ်မြို့တော် ဟိုက်ဒရာဘတ်၏ အရှေ့ဘက် ကီလိုမီတာ ၁၆၀ ခန့်အကွာ ဝါရန်ဂယ်ခရိုင် ကာရှီဘက်ဂါဒေသအတွင်းရှိ ကိုတီလင်ဂါလာ ဒီဗက်စ်မာနန်မြို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာနေရာတွင် လူ ၁၀ ဦး အလောင်းကို လတ်တလော ရှာဖွေတွေ့ရှိထားကြောင်း ဝါရန်ဂယ်ခရိုင် မီးသတ်အရာရှိ ဘာဂဝန်ရက်ဒီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။



မီးရှူးမီးပန်းအလုပ်ရုံအတွင်း၌ ကြီးမားသည့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ ပေါက်ကွဲမှုများ အစီအရီဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုများကြောင့် အချင်းဝက်မီတာ ၃၀၀ အတွင်း အဆောက်အအုံအက်ကွဲမှု တစ်ခုကိုတွေ့ရကြောင်း ၎င်းက ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားပြီးနောက် လူနာတင်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ ရောက်ရှိလာကြသည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် အဆိုပါအလုပ်ရုံအတွင်း၌ အလုပ်သမားအများစု အပါအဝင် လူ ၁၇ ဦးရှိနေကြောင်း၊ မီးလောင်ဖြစ်ပွားပြီး ပေါက်ကွဲမှုမှာ တစ်နာရီကျော်ကြာခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

လုပ်ငန်းခွင်လုံခြုံရေးဆိုင်ရာ စံနှုန်းများကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် အိန္ဒိယနိုင်ငံရှိ စက်ရုံအလုပ်ရုံများနှင့် အဆောက်အအုံများတွင် မီးလောင်မှုမကြာခဏ ဖြစ်ပွားလေ့ရှိသည်။

**ဆင်ဟွာ**





## အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီဆီကျွန်းအနီး သင်္ဘောတစ်စင်း နစ်မြုပ်၊ ခရီးသည် ၆၃ ဦးထက်မနည်း သေဆုံး

**ဂျကာတာ ဇူလိုင် ၄**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီဆီကျွန်းအနီးတွင် ခရီးသည်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ လိုက်ပါစီးနင်းသူ ခရီးသည် ၆၃ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါသင်္ဘောသည် သတ်မှတ်ထားသော လူဦးရေထက် ခရီးသည်ဦးရေ ပိုမိုတင်ဆောင် မောင်းနှင်ခဲ့ခြင်းကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

ပျောက်ဆုံးလျက်ရှိသော ခရီးသည်များအနက် ၁၅၅ ဦးအား ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

သင်္ဘောကပ္ပတိန်က အရေးပေါ်အခြေအနေတွင် သင်္ဘောကို အနီးရှိ ကျောက်တန်းတစ်ခုပေါ်သို့ ဦးတည်မောင်းနှင်နိုင်ခဲ့သောကြောင့် သင်္ဘောကိုယ်ထည်တစ်ခုလုံး ရေအောက်သို့ နစ်မြုပ်ခြင်းမရှိခဲ့ကြောင်း သိရသည်။

သင်္ဘောစတင်နစ်မြုပ်သည့်အချိန်တွင် အဆိုပါသင်္ဘောမှာ ကျောက်တန်းတစ်ခုပေါ်ရောက်ရှိနေကြောင်း၊ သင်္ဘော၏ အမြင့်ဆုံးတတိယမြောက်အထပ်သို့ တက်ရောက်ကာ ကယ်ဆယ်ရေးအဖွဲ့အား အကူအညီတောင်းခဲ့ကြောင်း ခရီးသည်တစ်ဦးက ပြောကြားသည်။

လွန်ခဲ့သောရက်သတ္တနှစ်ပတ်အကြာကလည်း အလားတူ ခရီးသည်သင်္ဘောတစ်စင်းသည် သတ်မှတ်ထားသော လူဦးရေထက် ပိုမိုတင်ဆောင်ခဲ့သဖြင့် ဆူမားတြား ကျွန်းအနီးတွင် နစ်မြုပ်ခဲ့ရာ လူပေါင်း ၁၆၄ ဦးသေဆုံးခဲ့ပြီး လူသုံးဦးသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

သင်္ဘောများ နစ်မြုပ်မှုသည် အင်ဒိုနီးရှားနိုင်ငံကျွန်းများအနီးပတ်ဝန်းကျင်တွင် အဖြစ်များလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာ့ဖလားအားကစားသတင်းများ



# ကိုလံဘီယာအသင်းကို အနိုင်ရရှိပြီး အင်္ဂလန်အသင်း ကွာတားဖိုင်နယ်တက်

အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်မှာ ကိုလံဘီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့ပြီဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ကိုလံဘီယာအသင်းဟာ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ် မပါဝင်နိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းအခက်အခဲဖြစ်ခဲ့ပြီး ပွဲကစားချိန် ၅၇ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီသွင်းဂိုးနဲ့ အင်္ဂလန်အသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီသွင်းဂိုးကိုတော့ တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူခဲ့တာဖြစ်ပြီး ကိုလံဘီယာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ နာကျင်အချိန်ပိုမှာ သွင်းယူခဲ့တဲ့ မီနာရဲ့သွင်းဂိုးနဲ့ ရရှိခဲ့တာပါ။ အဲဒီလို သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့ကာ အချိန်ပိုတွင်လည်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့တာမို့ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ပြီးချိန်မှာတော့ အင်္ဂလန်အသင်းက ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ၂၀၀၆ ခုနှစ်နောက်ပိုင်း ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်လှမ်းလာခဲ့တာဖြစ်ပြီး သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ အင်္ဂလန်အသင်းနဲ့အတူ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲဆက်တိုက် ဂိုးသွင်းနိုင်ခဲ့တဲ့ စံချိန်လည်း တင်နိုင်ခဲ့ပါတယ်။

# စိတ်ဝင်စားစရာ ပိုကောင်းလာတဲ့ ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်

**ရုရှားနိုင်ငံမှာ ကျင်းပနေတဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ပွဲစဉ်တွေကတော့ ပြီးဆုံးသွားခဲ့ပြီလည်း ဖြစ်ပါတယ်။ အဲဒီလို ပြီးဆုံးသွားခဲ့ချိန်မှာ လက်ရှိချန်ပီယံအသင်းဖြစ်တဲ့ ဂျာမနီအသင်းက အုပ်စုအဆင့်နဲ့ပဲ ကျေနပ်ခဲ့ရသလို ၁၆ သင်းအဆင့်ကို တက်လာခဲ့တဲ့ အာဂျင်တီးနားအသင်း၊ ပေါ်တူဂီအသင်းနဲ့ စပိန်အသင်းတို့ကလည်း ၁၆ သင်းအဆင့်မှာပဲ ရုရှားကမ္ဘာ့ဖလားကနေ လှည့်ပြန်ခဲ့ရတာလည်း ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ဉရုဂွေး၊ ပြင်သစ်၊ ဘရာဇီး၊ ဘယ်လ်ဂျီယံ၊ ရုရှား၊ ခရိုအေးရှား၊ ဆွီဒင်နဲ့ အင်္ဂလန်တို့ တက်ရောက်ခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကိုတော့ ဇူလိုင် ၆ ရက်မှာ စတင်ကစားမှာဖြစ်ပါတယ်။**



နောက်တစ်ဆင့်မှာတော့ ဉရုဂွေးအသင်းက ပြင်သစ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပြီး ဉရုဂွေးအသင်းမှာ ဆွာရတ်ဇ်၊ ကာဗာနီတို့လို ကစားသမားကောင်းတွေ ရှိနေသလို ပြင်သစ်အသင်းမှာဆိုရင်လည်း မက်ပီ၊ ဂရစ်ဇ်မန်းတို့လို ကစားသမားကောင်းတွေ ရှိနေခဲ့ပါတယ်။ အဲဒီနှစ်သင်းထဲမှာ ပြင်သစ်လူငယ်ကစားသမား မက်ပီဟာ ပြင်သစ်အသင်းကို ကွာတားဖိုင်နယ်အဆင့်ရောက်ဖို့ အဓိကမောင်းနှင်အားတစ်ခု ဖြစ်ခဲ့တာဖြစ်ပြီး ကာဗာနီကလည်း ဉရုဂွေးအသင်းကို နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးအတွက် အဓိကစွမ်းဆောင်ပေးခဲ့တာဖြစ်ပြီး မက်ပီနဲ့ ကာဗာနီတို့ဟာ ၁၆ သင်းအဆင့်မှာ နှစ်ဂိုးစီ သွင်းယူခဲ့ကြတာဖြစ်ပါတယ်။

ဘရာဇီးအသင်းကလည်း နေမာနဲ့ ဖာမီနိုတို့ရဲ့ သွင်းဂိုးတွေနဲ့ နောက်တစ်ဆင့်တက်ခွင့်ရရှိခဲ့တာဖြစ်ပြီး အခုယှဉ်ပြိုင်ကစားရမယ့် ကွာတားဖိုင်နယ်အဆင့်မှာဆိုရင် ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ ထိပ်တိုက်တွေ့နေတာဖြစ်ပါတယ်။ ဘရာဇီးအသင်းက မက္ကဆီကိုအသင်းနဲ့ ပွဲစဉ်မှာ ခက်ခက်ခဲခဲကစားခဲ့ပြီး နောက်တစ်ဆင့်တက်ခဲ့သလိုပဲ ဘယ်လ်ဂျီယံအသင်းကလည်း ဂျပန်အသင်းကို နောက်ကျသွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်လာတာလည်းဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ စိတ်ဝင်စားမှုအကောင်းဆုံးကတော့ နှစ်သင်းစလုံးဟာ တစ်ဦးချင်းခြေစွမ်းပိုင်းမှာ တူညီတဲ့ရလဒ်ပိုင်းကို စွမ်းဆောင်နိုင်မယ့် ကစားသမားတွေရှိနေတာပဲဖြစ်ပါတယ်။ ဘရာဇီးအသင်းက လူငယ်ကစားသမား အများစုပါဝင်နေသလို ဘယ်လ်ဂျီယံအသင်းမှာလည်း လူငယ်ကစားသမားအများစု ပါဝင်နေပါတယ်။ ဘရာဇီးအသင်းကတော့ နေမာ၊ ကော်တင်ဟို၊ ပေါလင်ဟို၊ ဝီလီယံ၊ ဖာမီနိုတို့လို တိုက်စစ်နဲ့ ကွင်းလယ်အကောင်းဆုံး ခြေစွမ်းပြကစားနိုင်တဲ့ ကစားသမားတွေရှိနေတာဖြစ်ပြီး ဘယ်လ်ဂျီယံအသင်းကလည်း ဒီဘရိုင်း၊ လူကာကူ၊ ဟာဇက်၊ ဝှစ်ဆယ်၊ ဘတ်ရှူယာယီတို့လို ကစားသမားတွေရှိနေပါတယ်။ ဒါကြောင့် ဒီနှစ်သင်းရဲ့ ပွဲစဉ်က ပရိသတ်စိတ်ဝင်စားမှုအပြည့် ပေးနိုင်မှာ ဖြစ်ပါတယ်။

အိမ်ရှင်ရုရှားအသင်းဟာ အများစု ခန့်မှန်းထားသလို မဟုတ်ခဲ့ဘဲ ကွာတားဖိုင်နယ် အဆင့်ထိတောင် တက်လာနိုင်ခဲ့ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာ ခရိုအေးရှားအသင်းနဲ့ ထိပ်တိုက်တွေ့နေတာဖြစ်ပြီး ခရိုအေးရှားအသင်းရဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ရှင်ရုရှားအသင်းကလည်း အိမ်ရှင်အားသာချက်နဲ့အတူ အခုပြိုင်ပွဲမှာ အကောင်းဆုံးရလဒ်တစ်ခုကို ပိုင်ဆိုင်ထားတာလည်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ရှင်အားသာချက်တစ်ခုတည်းသာရှိတဲ့ ရုရှားအသင်းကို အကောင်းဆုံးကျော်ဖြတ်ပြီး လူကာမိုဒရစ်၊ မန်ဇူကစ်၊ ရာကီတစ်တို့လို ကစားသမားတွေနဲ့ ဦးဆောင်လာမယ့် ခရိုအေးရှားအသင်းကပဲ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိဖို့ အကောင်းဆုံး ခြေစွမ်းပြကစားလာဖို့ရှိပါတယ်။

ဆွီဒင်အသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ အင်္ဂလန်အသင်းနဲ့ ထိပ်တိုက်တွေ့နေတာဖြစ်ပြီး ဆွီဒင်အသင်းက ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်ကို တက်လာခဲ့သလို အင်္ဂလန်အသင်းကလည်း ကိုလံဘီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်မှာ အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်တက်လာခဲ့တာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ လက်ရှိခြေစွမ်းပိုင်းမှာတော့ အင်္ဂလန်အသင်းက အားသာချက်ရှိနေပါတယ်။ အင်္ဂလန်အသင်းမှာဆိုရင် နည်းပြဆောက်ဂိတ်က လူငယ်ကစားသမားအများစုကို ရွေးချယ်လာခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းဟာဆိုရင် ကိုလံဘီယာအသင်းနဲ့ ပင်နယ်တီသွင်းဂိုးနှစ်ဂိုးအထိ ရရှိခဲ့တာကြောင့် လက်ရှိမှာ ခုနစ်ဂိုးအထိတောင် သွင်းယူထားနိုင်တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆွီဒင်အသင်းကို ကျော်ဖြတ်ပြီး အင်္ဂလန်အသင်းက ဆီမီးဖိုင်နယ်အဆင့်အတွက် အကောင်းဆုံး ပြင်ဆင်သွားဖို့ရှိနေပါတယ်။



# အင်္ဂလန်နဲ့ ယှဉ်ပြိုင်ရမယ့် ဆွီဒင်အသင်းမှာ ၁၉၉၄ နောက်ပိုင်း ပထမဆုံးကွာတားတက်ခဲ့ခြင်းဖြစ်

ဆွီဒင်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်မှာ ဆွစ်ဇာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးကိုလည်း ဖောစဘာ့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဖောစဘာ့ရဲ့ အခုသွင်းဂိုးဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆွီဒင်အသင်းနဲ့အတူ ပထမဆုံးသွင်းယူခဲ့တဲ့သွင်းဂိုးလည်းဖြစ်ပါတယ်။

ဆွီဒင်အသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ အင်္ဂလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို ၁၉၉၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တက်လှမ်းလာခဲ့တာလည်းဖြစ်ပါတယ်။

ဆွီဒင်အသင်းရဲ့ အုပ်စုအဆင့်ပြိုင်ပွဲတွေကို ကြည့်မယ်ဆိုရင် အားရစရာမရှိပေမယ့် ရှုံးထွက်အဆင့်ဖြစ်တဲ့ ၁၆ သင်းအဆင့်မှာတော့ ဆွစ်ဇာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်မှာ အင်္ဂလန်အသင်းကို ကျော်ဖြတ်နိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ဖြစ်တဲ့ ဆွီဒင်အသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ ပွဲစဉ်ကိုတော့ ဇူလိုင် ၇ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

FIFA WORLD CUP RUSSIA 2018

## ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

ကိုလံဘီယာ ၄ - ၅ အင်္ဂလန်

ငွေကြယ် - ရေးသားသည်

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၃ ရက်တွင် ရှောင်တခင်စစ်ဆေးခဲ့ရာ သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်းထိပ်၌ စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Induction Cooker (Brand: Kashiw) 8U၊ Circular Saw (Brand: Amigo) 18U၊ Dousle Gas Stove (Brand: OTTO) 11U၊ မြက်ရိတ်စက် Brush Cutter Without Shaft (Brand: Raijin) 18U နှင့် Baby Diapers (6 Pkgs) 80Kg (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၂၂၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၇ စီး၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၇၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅၇၂ သန်းခန့်) စုစုပေါင်းတားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၉၄၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် တင်သွင်းလာသည့် စက်သုံးဆီများ သိမ်းဆည်းရမိ

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့က အခွန်ပေးဆောင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသော စက်သုံးဆီများတင်ဆောင်လာသည့် ယာဉ်သုံးစီးကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ကရင်ပြည်နယ်အတွင်း တရားမဝင် ကုန်သွယ်မှုများ စစ်ဆေးထိန်းချုပ် ဆောင်ရွက်နိုင်ရန်အတွက် ရွေ့လျားစနစ်ဖြင့် ကုန်တင်ယာဉ်များအား စစ်ဆေးရာ ဇွန် ၃၀ ရက် နံနက် ၅ နာရီခွဲခန့်က ဘားအံ-ထုံးအိုင်လမ်းသံလွင်တံတား သုံးမြောင့်လမ်းဆုံအနီးတွင် မြဝတီမှ သထုံသို့ ဝင်းမျိုးဇော်(ခ)မျိုးဇော် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ချစ်နိုင်(ခ)ဦးကြီး လိုက်ပါလာသော 3D/----NISSAN DIESEL အမျိုးအစား အဖြူအစိမ်းရောင် ရှစ်ဘီးဘောက်ဆာယာဉ်ပေါ်၌ ဒီဇယ်ဂါလန် ၃၂၀၀ ခန့်နှင့် အောင်သူဟိန်း မောင်းနှင်ပြီး ချမ်းမြေ့ဟိန်း လိုက်ပါလာသည့် 8J/---- UD ဘောက်ဆာ ရှစ်ဘီး အပြာရောင်ယာဉ်ပေါ်တွင် ဒီဇယ်ဂါလန် ၄၀၀၀ ခန့် စုစုပေါင်းဒီဇယ်ဂါလန် ၇၂၀၀ ခန့်ကို လည်းကောင်း၊ ဆက်လက်စစ်ဆေးရာ နံနက် ၅ နာရီမိနစ် ၄၀ ခန့်တွင် ဘားအံမြို့နယ် အိန္ဒုကျေးရွာအနီး ဘားအံ-မြဝတီကားလမ်းပေါ်၌ ယာဉ်မောင်း ငြိမ်းဝေထူး(ခ)အညာသား မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဝင်းမင်းငွေး လိုက်ပါလာသည့် 3L/---- NISSAN DIESEL ယာဉ်ပေါ်မှ စက်သုံးဆီ(ဓာတ်ဆီ) ဂါလန် ၇၀၀၀ ခန့်ကိုလည်းကောင်း စစ်ဆေးတွေ့ရှိရာ 3D ဘောက်ဆာ၊ 8J/---- ဘောက်ဆာတို့ တင်ဆောင်လာသည့် ဒီဇယ်ဂါလန်တို့မှာ အခွန်ဆောင်ထားခြင်းမရှိကြောင်း၊ 3L/---- ဘောက်ဆာယာဉ်ဖြင့် တင်ဆောင်လာသည့် ဓာတ်ဆီဂါလန် ၇၀၀၀ မှာ ဂါလန် ၂၀၀၀ သာ အခွန်ပေးဆောင်ထားပြီး ဂါလန် ၅၀၀၀ မှာ အခွန်ဆောင်ထားခြင်းမရှိဘဲ တရားမဝင် တင်သွင်းခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

ထို့ကြောင့် တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းလာသော စက်သုံးဆီများ သယ်ဆောင်သူများဖြစ်သော ဝင်းမျိုးဇော်(ခ)မျိုးဇော်၊ ချစ်နိုင်(ခ)ဦးကြီး၊ အောင်သူဟိန်း၊ ချမ်းမြေ့ဟိန်း၊ ငြိမ်းဝေထူး(ခ)အညာသားနှင့် ဝင်းမင်းငွေးတို့ ခြောက်ဦးကို ပို့ကုန်သွင်းကုန် ဥပဒေဖြင့် ဘားအံမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး အဖွဲ့ဖြင့် တစ်ဖက်နိုင်ငံမှ တရားမဝင် ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၂၉ ရက်မှစတင်ပြီး ရွေ့လျားစနစ်ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃ ရက်အထိ ဆီဘောက်ဆာယာဉ် ငါးစီးနှင့် ကွမ်းသီးတွဲယာဉ်သုံးစီးတို့ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါယာဉ်များဖြင့် သယ်ဆောင်လာသည့် တရားမဝင် ကုန်ပစ္စည်းစုစုပေါင်းဓာတ်ဆီဂါလန် ၁၄၄၀၀၊ ဒီဇယ်ဂါလန် ၇၂၀၀၊ ကွမ်းသီး ၁၀၁၈ အိတ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊**
**ထွန်းထွန်းထွေး(ဘားအံ)**

# စလင်းမြို့နယ်၌ လူတစ်ဦး အရက်သောက်ပြီး ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

**စလင်း ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကန်တိုင်ကွေ့ကျေးရွာ ဆင်ဖြူကျွန်းမြောင်းလက်တံတွင် ဇူလိုင် ၃ ရက်က လူတစ်ဦး ရေနစ်သေဆုံးခဲ့သည်။

**ပြန်လည်ဆည်ယူရရှိ**

ဖြစ်စဉ်မှာ ကျောင်းကြားရပ်ကွက်နေ ကျော်ဇေထက်(၃၀)နှစ်သည် အရက်သေစာမူးယစ်သောက်စားပြီး ဇူလိုင် ၂ ရက်က ဆင်ဖြူကျွန်းမြောင်းလက်တံတွင် ရေဆင်းချိုးရာ ရေနစ်သဖြင့် လိုက်လံရှာဖွေသော်လည်း မတွေ့ဘဲ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဆင်ဖြူကျွန်းမြောင်းလက်တံ၏အရှေ့ဘက် ကန်တိုင်ကွေ့ပေါင်နှင့် ပေ ၂၀၀ ခန့်အကွာ ရေမြောင်းထဲတွင် ပြန်လည်ဆယ်ယူရရှိခဲ့သည်။ သို့ဖြစ်၍ ကျော်ဇေထက် သေဆုံးခြင်းသည် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဇမ္ဗူသီရိမြို့နယ်တွင် ဆိုင်ကယ်ကိုးစီး ခိုးယူသူ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

ဇမ္ဗူသီရိမြို့နယ် အမှတ် ၇ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန်လ နောက်ဆုံးပတ်က ဥဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဥဏ္ဏသိဒ္ဓိရပ်ကွက်၌ အမျိုးသားတစ်ဦး ဆိုင်ကယ်တစ်စီးနှင့် ရောက်ရှိနေကြောင်း သိရ၍ သွားရောက်စစ်ဆေးရာ ခင်မောင်အေး(ခ)ချစ်ထွေး ကျောက်ခဲအင်းကျေးရွာ ဒက္ခိဏသီရိမြို့နယ်နေသူဖြစ်ပြီး ၎င်းလက်ဝယ်တွင်ရှိသော ဆိုင်ကယ်နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရာ ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် အမှတ် ၇ ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့သည်။ ခင်မောင်အေး(ခ)ချစ်ထွေးက ဇွန် ၂၉ ရက်တွင် ရွှေခဲအင်းကျေးရွာ၊ ကျောက်ခဲအင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်တို့မှ စုစုပေါင်း ဆိုင်ကယ် သုံးစီးကိုလည်းကောင်း၊ ဇူလိုင် ၁ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်တို့မှ ဆိုင်ကယ်ငါးစီးကိုလည်းကောင်း စုစုပေါင်းဆိုင်ကယ် ကိုးစီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ခင်မောင်အေး(ခ)ချစ်ထွေးအား အမှတ် ၇ နယ်မြေရဲစခန်းမှ နောက်ဆက်တွဲခိုးမှုများ ပေါ်ပေါက်စေရန် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## မြန်မာ့ရုပ်မြင်သံကြား

**၅-၇-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၈း၃၅ "Micro Level တတိယဆုရ Mr Teak ပရိဘောဂလုပ်ငန်း"
၈း၅၀ "မူလတန်းအဆင့် သင်ရိုးသစ်မိတ်ဆက်"
၉း၁၀ "သာသနာထွန်းပြောင် ပြက္ခဒိန်ရွှေ့တောင်"
၉း၂၅ လှပစုံလင်အာဆီယံတစ်ခွင်
၉း၃၅ ASEAN Spotlight(34)
၁၀း၃၀ အလုပ်သမားရေးရာအစီအစဉ်
၁၁း၀၀ မြစ်မခမီဒီယာ(ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
၁၁း၃၅ ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ "ကျွန်မသာလျှင်မယားစစ်ဖြစ်ပါကြောင်း"(ကောင်းဟိန်း၊ ဝေမိုးယံ၊ ပန်သုမြင့်မိုရ်၊ ဒေါ်ခင်ခင်ကြီး၊ မကြည်ငွေး၊ သက်တံ့၊ ချမ်းငြိမ်း၊ဒေါ်နီနီဝင်း) [(ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၀) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III)(ပွဲစဉ်-၄) (ရန်ကုန်မြို့)(ဒုတိယပိုင်း)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၅)

**ညပိုင်း**

၁၆း၃၅ "တိုင်းပြည်အတွက် အသက်ပေးကာ လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့ တို့ဗိုလ်ချုပ်"
၁၇း၀၅ NHK အစီအစဉ် "From the Past to the Future (အတိတ်မှအနာဂတ်ဆီသို့)
၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း -၁၁) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "မီးတစ်ပွင့်၏ရာဇဝင်" -America's Got Talent -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီဇော်ဦး) ပြည်သူ့နီတိ "အိပ်မက်ဆိုးမှ နိုးလတ်သော်" (ချစ်ဖွယ်၊ကမ္ဘာကျော်၊ အောင်မိုး) (ဒါရိုက်တာ-မိုးဇော်ကို) - အစီအစဉ်ပြီး၏။

# လျှပ်လျှပ်၍ မော်တင်စွန်းစေတီ ထိခိုက်မှုသတင်းမှာ ကောလာဟလသတင်းသာဖြစ်

**ဟိုင်းကြီးကျွန်း ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာ၌ ဇူလိုင် ၄ ရက် ညနေ ၅ နာရီ ၄၉ မိနစ်ခန့်က အင်အားအနည်းငယ်ရှိ လျှပ်တစ်ခု ငါးစက္ကန့်ခန့်လျှပ်ခတ်သွားကြောင်း သိရသည်။ လျှပ်လျှပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ပုံမှန်အတိုင်းသွားလာနေထိုင်လျက်ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

လတ်တလောတွင် လျှပ်လျှပ်ခတ်မှုကြောင့် မော်တင်စွန်းစေတီတော်ကြီး ထိခိုက်မှုရှိသွားသလို သတင်းများထွက်ပေါ်ခဲ့သော်လည်း မော်တင်စွန်းစေတီတော်နှင့် အနီးတစ်ဝိုက်ကျေးရွာများတွင် လျှပ်လျှပ်ခတ်သွားခြင်းမရှိသကဲ့သို့ စေတီတော်ကြီး ထိခိုက်သွားကြောင်းသတင်းမှာ မှန်ကန်မှုမရှိ ကောလာဟလသတင်းတစ်ခုသာဖြစ်ကြောင်း ဇီးချိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က အတည်ပြုပြောကြားသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ဘူးသီးတောင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၀၀၀ သိမ်းဆည်းရမိ

**ဘူးသီးတောင် ဇူလိုင် ၄**

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ညောင်ချောင်းကျေးရွာရဲစခန်းမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မေယုမြစ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဘူးသီးတောင်မြို့နယ် ဦးကျော်(ခ)သာစည်အုပ်စု လိုင်ရှည်ပြင်ကျေးရွာအဝင် ချောင်းကွေ့ဆက်အနီးရှိ လမုတောအရောက်တွင် အရှည် ၃၂ ပေခန့်၊ အနံ ငါးပေခန့်ရေစူး နှစ်ပေခန့်ရှိ လောင်းလှေ တစ်စင်းပေါ်တွင် ဆာလာအိတ်များအား မိုးကာဖြင့်အုပ်ထားသည်ကို တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ကြည့်ရှုစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားပါကင်ထုပ် ၁၆၄ ထုပ် (စုစုပေါင်း စိတ်ကြွဆေးပြား ၁၅၉၉၀၀၀) အား တွေ့ရှိသိမ်းဆည်းရရှိခဲ့သဖြင့် သက်ဆိုင်ရာက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ခေတ်ပြန်လည်ဆန်းသစ်လာသည့် မြန်မာ့သမဝါယမ

မောင်ကျော်မိုး (SSID)

သမဝါယမအသင်းများကို ဥရောပနိုင်ငံများတွင် ၁၈၀၀ ပြည့်နှစ်ကျော်ကာလကပေါ်ပေါက်ခဲ့သော စက်မှုတော်လှန်ရေး၏ လှိုင်းဂယက်ဒဏ် ပထမဦးဆုံးနှင့် အပြင်းထန်ဆုံးခံလိုက်ရသည့် အိမ်တွင်းစက်မှုလက်မှုအလုပ်သမားများနှင့် ရက်ကန်းသမားများက စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြခြင်း ဖြစ်ပါသည်။ အရင်းရှင်စီးပွားရေးစနစ်ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးနှင့် လူမှုရေးမတည်ငြိမ်မှုများနှင့် စီးပွားရေးကျပ်တည်းမှုဒုက္ခများမှ လွတ်မြောက်နိုင်စေရန် စုပေါင်းအားကိုဆောင်သည့် သမဝါယမစနစ်ကို တီထွင်ကြံဆရင်း ကမ္ဘာ့သမဝါယမလုပ်ငန်းများ အောင်မြင်လာခဲ့ပါသည်။

သမဝါယမဆိုသည့်စကားရပ် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာသည်မှာ ၁၉၀၄ ခုနှစ် သမဝါယမငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေအရ စစ်ကိုင်းခရိုင် မြင်းမူမြို့တွင် ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က ပထမဦးဆုံး သမဝါယမငွေစုငွေချေးအသင်းကို ဖွဲ့စည်းခဲ့သည့်နေ့မှ ယနေ့ထိ နှစ်ပေါင်း ၁၀၀ ကျော်တိုင်ကြာခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ သမဝါယမရောက်ရှိလာချိန်မှာ မြန်မာနိုင်ငံ အင်္ဂလိပ်ကိုလိုနီဘဝကျရောက်ခဲ့သည့် ၁၈၈၅ ခုနှစ်မှ စ၍ နှစ်ပေါင်း ၂၀ ကြာကာလ ၁၉၀၅ ခုနှစ်တွင် ဖြစ်ပါသည်။ ထိုအချိန်က မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရအရာရှိကြီးများ အုပ်ချုပ်သောကာလဟု ခေါ်တွင်သည်နှင့်အညီ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခဲ့သော သမဝါယမ ငွေစုငွေချေးအသင်းဆိုင်ရာ အက်ဥပဒေပါ Co-operative Society ဆိုသော စကားလုံးကို မြန်မာဘာသာစကားအဖြစ် တိုက်ရိုက်ပြန်ဆိုနိုင်သော စကားလုံး မရှိသေး၍ မြန်မာဘာသာစကားပြန်များ သဘောပေါက်သည့်အတိုင်း လူအများစုပေါင်း လုပ်ကိုင်သည့် လုပ်ငန်းဟူ၍ သုံးစွဲလျက်စည်းရုံးဖွဲ့စည်းခဲ့ကြ၍ Co-operative ၏ အနက်အဓိပ္ပာယ် အတိအကျကို သိရှိနားလည်သဘောပေါက်ခြင်းမရှိသဖြင့် ဖွဲ့စည်းသည့် အချိန်မှ နှစ်နှစ်အတွင်း အသင်းအရေအတွက် ၂၁ သင်း၊ အသင်းသား ၁၃၆၅ ဦးသာရှိခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။

## လက်ခံကျင့်သုံးဆောင်ရွက်

ထိုစဉ်က မြန်မာလူမျိုးများအနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ငွေကြေးအရင်းအနှီးပြည့်စုံသူများက ကုမ္ပဏီများနှင့် အစုစပ်လုပ်ငန်း (Partnership) အဖြစ် ထူထောင်ဆောင်ရွက်ခြင်းကိုသာ မြင်တွေ့ရာမှ သာမန်လက်လုပ်လက်စားများကိုယ်တိုင် စုပေါင်းပါဝင်ပြီး စီးပွားရေးလုပ်ငန်းများကို သမဝါယမအသင်း Co-operative စတင်ဖွဲ့စည်းစဉ်က ကျေးလက်နေ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သော တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် အခက်အခဲကို ဖြေရှင်းပေးရန်အတွက်သာ ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း မြို့ပေါ်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်လိုသူများနှင့် ဈေးသည်လေးများ၏ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု အရင်းအနှီးလိုအပ်ချက်ကိုပါ သက်သာသော အတိုးနှုန်းဖြင့် ဖြည့်ဆည်းပေးနိုင်ကြောင်း တွေ့ရှိလာ၍ ငွေကြေးအရင်းအနှီးမပြည့်စုံသူများ မိမိတို့အချင်းချင်း ညီညွတ်စုစည်း ပူးပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပြီး ဆောင်ရွက်လာကြရာမှ ယနေ့တိုင် သမဝါယမလုပ်ငန်းများကို ပြည်သူလူထုမှ လက်ခံကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသမဝါယမလှုပ်ရှားမှု ဖြတ်သန်းခဲ့ရသော ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် ယနေ့ကာလဈေးကွက်စီးပွားရေးခေတ်အထိ နှစ် ၁၀၀ အတွင်း မြန်မာ့သမဝါယမခေတ် အဆက်ဆက် အခြေခံအုတ်မြစ်ချခဲ့သူများ၊ သမဝါယမဆိုသည့် မြန်မာစကားရပ်ကို စတင်တီထွင်သုံးစွဲခဲ့သူများ၊ အများအကျိုးအတွက် စေတနာ့ဝန်ထမ်း အပင်ပန်းအဆင်းရဲခံပြီး ကျေးလက်များသို့ ကွင်းဆင်းစည်းရုံး၍ သမဝါယမအသင်းများ တည်ထောင်ဖွဲ့စည်းပေးခဲ့သူများအကြောင်း မှတ်တမ်းတင်ထားသည်။ ထို့အပြင် ခေတ်အမျိုးအမျိုး စနစ်အမျိုးမျိုး ပြောင်းလဲရာတွင် ကျေးလက်သမဝါယမစနစ် ကျဆုံးလုနီးပါး ရင်ဆိုင်တွေ့ကြုံရသည့် အခက်အခဲကို မြန်မာလူမျိုးများထဲမှ မြန်မာ့ကျေးလက် လယ်ယာစီးပွားရေးစနစ် ကျွမ်းကျင်သူတစ်ဦးက ကြိုးပမ်းကာကွယ်ခဲ့ပုံကိုလည်း တင်ပြထားပါသည်။ ၎င်းအပြင် ဒုတိယ ကမ္ဘာစစ်မီးတောက်လောင်နေဆဲကာလအတွင်း၌ပင် အင်္ဂလိပ်အစိုးရနှင့်အတူ အိန္ဒိယသို့ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုဘဲ ကျန်ရစ်ခဲ့သော မြန်မာနိုင်ငံသား သမဝါယမဝန်ထမ်းများက ကျေးလက်ပြည်သူများနှင့်အတူ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းများနှင့် စုဝယ်ဝေငှအသင်း (စားသုံးသူ သမဝါယမအသင်း) စနစ်ဖြင့် ကုန်ပစ္စည်းရှားပါးမှုကို ကာကွယ်ပေးခဲ့ခြင်းအား မှတ်တမ်းတင်ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

> မြန်မာပြည်သူများအတွက် လွန်စွာအကျိုးများသော၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဓလေ့များနှင့်ကိုက်ညီသော၊ ယနေ့မြန်မာပြည်သူတို့၏ လိုအပ်ချက်နှင့်လည်း ဆီလျော်သည့် သမဝါယမလုပ်ငန်းများ ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ခေတ်ပြန်လည်ဆန်းသစ်ရှင်သန် ဖွံ့ဖြိုးလာစေရေး ပြည်သူများအားလုံး ပူးပေါင်းပါဝင်…

## မြန်မာ့ပင်ကိုဓာတ်ခံ

ထိုနည်းတူ ကိုလိုနီခေတ်၊ ပါလီမန် ခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် ဈေးကွက်စီးပွားရေးခေတ်များတွင်လည်း သမဝါယမစနစ်သည် လူတို့၏ အတ္တဟိတ (ကိုယ်ကျိုးစီးပွား) နှင့် ပရဟိတ (အများအကျိုးစီးပွား) ဒွန်တွဲမှုပေါ်တွင် အခြေစိုက်၍ ကြံဆတီထွင်သည့် စနစ်ဖြစ်သည်နှင့် အညီ လူတို့၏ စီးပွားရေးအခြေအနေများ တိုးတက်အောင်မြင်စေရန်အလို့ငှာ လူတန်းစားခွဲခြားမှုမရှိဘဲ သာတူညီမျှစနစ်ဖြင့် လူသားအချင်းချင်း ဆက်ဆံပေါင်းသင်း၍ မိမိတို့၏ ဆန္ဒအလျောက် အတူတကွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် စဉ်ဆက်မပြတ် ပြည်သူလူထုကြားတွင် ယနေ့ထိ ရပ်တည်လျက်ရှိသည်ကိုတွေ့ရှိရသည်။ ဤကဲ့သို့ သက်တမ်းရှည်ကြာစွာ ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးနိုင်လျက်ရှိရခြင်းမှာ သမဝါယမအနှစ်သာရများသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ ရေမြေသဘာဝ၊ ထုံးတမ်းဓလေ့၊ ယဉ်ကျေးမှုများနှင့် အလွန်ကိုက်ညီလျက်ရှိသောကြောင့်ဖြစ်ပါသည်။ မြန်မာလူမျိုးတို့၏ ပင်ကိုစိတ်ထားမှာ ကြင်နာသနားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်းစသည့် အသင်းဖွဲ့စည်းရေးအတွက် အထူးလိုအပ်သည့် အခြေခံသဘောတရားများနှင့် ပြည့်စုံလျက်ရှိရာ ယင်းစိတ်ဓာတ်သည်ပင်လျှင် အချင်းချင်း ရိုင်းပင်းကူညီမှုဖြင့် ပူးပေါင်းဖွဲ့စည်းထားသည့် သမဝါယမအသင်းဖွဲ့စည်းရေးအတွက် များစွာအထောက်အကူပြုနေသော မြန်မာ့ပင်ကိုဓာတ်ခံပင်ဖြစ်နေကြောင်း တွေ့ရှိရသည်။

ယနေ့ကာလ မြန်မာနိုင်ငံ သမဝါယမအသင်းများ လိုက်နာကျင့်သုံးလျက်ရှိသော ၁၉၉၂ ခုနှစ် သမဝါယမအသင်းများ ဥပဒေပါအခြေခံမူများကို ကြည့်လျှင်လည်း ယနေ့ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖြစ်နေသည်ကို အောက်ပါအတိုင်းတွေ့ရှိရမည်ဖြစ်သည် -

(က) ဆန္ဒအလျောက်ပါဝင်သူများဖြင့် ဖွဲ့စည်းရန်၊

(ခ) လူတစ်ကိုယ် ဆန္ဒတစ်မဲဖြင့် အများဆန္ဒနှင့်အညီ စီမံခန့်ခွဲရန်၊

(ဂ) အစုအတွက်ရရှိမည့် အကျိုးခံစားခွင့်ကို ကန့်သတ်ထားရန်၊

(ဃ) အသားတင်အမြတ်ငွေကို အသင်းသားများ၏ ဆုံးဖြတ်ချက်ဖြင့် ခွဲဝေရန်၊

(င) သမဝါယမသဘောတရားနှင့် နည်းစနစ်ပြန့်ပွားရေးဆောင်ရွက်ရန်၊

(စ) သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) အသင်း၏ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်းသာဖြစ်စေရန်၊

(ဇ) အသင်းသားအသင်းဝင်တို့ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရှေးရှုဆောင်ရွက်ရန်၊

(ဈ) အသင်းသားအသင်းဝင်များသည် အသင်း၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများဖြစ်စေရန်၊

(ည) အသင်းသားအသင်းဝင်များနှင့် အကျိုးတူ စီးပွားဖက်အချင်းချင်း လုပ်အားပစ္စည်းတို့ပူးပေါင်း၍ အများဆန္ဒဖြင့် စီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်စေရန်၊

ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်တွင်လည်း သမဝါယမများသည် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီစံပြလယ်ယာများ ဖော်ထုတ်ပေးခြင်း၊ အသင်းသား တောင်သူလယ်သမားများအား စိုက်ပျိုးရေးချေးငွေများ ထုတ်ချေးပေးခြင်း၊ သွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျရောင်းချပေးခြင်း၊ မွေးမြူရေးချေးငွေများပေးအပ်ခြင်း၊ လှေ၊ ငါးဖမ်းပိုက်စသည့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ အရစ်ကျရောင်းချပေးခြင်း စသည်ဖြင့် သမဝါယမများသည် ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဟန်ချက်ညီညီ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ယနေ့အခါ အစိုးရအဖွဲ့၏အားပေးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ သမဝါယမဦးစီးဌာန၊ ဗဟိုသမဝါယမ အသင်းအပါအဝင် အသင်းအဆင့်ဆင့်၏ ယခင်ခေတ်များ၏ အမှားများကို သင်ခန်းစာယူကာ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ စနစ်တကျ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်တွင် အသင်းပေါင်း ၄၀၀၀၀ ကျော်ထိ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ကာ သမဝါယမများ ပြန်လည် ရှင်သန်လာလျက်ရှိနေပြီဖြစ်သည်။

## အပြေအကျေပြန်လည်ပေးဆပ်နိုင်

အလားတူ ယနေ့ထိ သမဝါယမအသင်းသားတောင်သူဦးကြီးများအတွက် အသေးစားအရင်းအနှီးချေးငွေကျပ် ၅၃၀ ဘီလီယံကျော်ထုတ်ချေးပေးနိုင်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာစီးရေ ၃၈၀၀ ကျော်၊ တန်ဖိုးကျပ် ၁၇ ဒသမ ၅ ဘီလီယံကျော် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကာ အဆင့်မြင့်စက်မှုလယ်ယာပြုပြင်ခြင်းတွင် လယ်ယာမြေဧက ၂၉၀၀၀ ကျော်အတွက် ချေးငွေကျပ် ၈ ဒသမ ၃ ဘီလီယံကျော်၊ မျိုးစေ့ထုတ် သမဝါယမအသင်းများအတွက် ချေးငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော် ထုတ်ချေးပေးနိုင်ခြင်းက မြန်မာ့လယ်ယာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမကဏ္ဍမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု မှတ်တမ်းကောင်းများပင်ဖြစ်ပေသည်။ ထို့ထက်သာလွန်ကောင်းမွန်သော မှတ်တမ်းပြုသင့်သည့်အချက်မှာ အသင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် အသင်းအဆင့်ဆင့်၏ ကြိုးစား အားထုတ်မှု၊ ဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုကြောင့် အရင်းအနှီးချေးငွေများ ၁၀၀ ရာခိုင်နှုန်း အပြေအကျေပြန်လည်ပေးဆပ်နိုင်ခြင်းပင်ဖြစ်ပါသည်။

သို့ဖြစ်၍ ယခင်ခေတ်အဆက်ဆက်က အစိုးရများ၏ သမဝါယမအသင်းများအပေါ် ဝင်ရောက်စွက်ဖက်ပါဝင်ပတ်သက်မှုများကြောင့် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ သမဝါယမဟူသော စကားရပ်ကို ပြည်သူများက မကြားချင်လောက်သည်အထိ လွန်စွာမုန်းတီးရွံရှာခဲ့ကြသော်လည်း ယနေ့အခါ ဒီမိုကရေစီခေတ်နှင့်အညီ ဒီမိုကရေစီစံနှုန်းများအတိုင်း အများအကျိုးအတွက် သမဝါယမအခြေခံမူများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် မြန်မာပြည်သူများအတွက် လွန်စွာအကျိုးများသော၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့ဓလေ့များနှင့်ကိုက်ညီသော၊ ယနေ့မြန်မာပြည်သူတို့၏ လိုအပ်ချက်နှင့်လည်း ဆီလျော်သည့် သမဝါယမလုပ်ငန်းများ ဒီမိုကရေစီစံနှုန်းများနှင့်အညီ တစ်ခေတ်ပြန်လည်ဆန်းသစ်ရှင်သန် ဖွံ့ဖြိုးလာစေရေးအတွက် ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ပါကြောင်း (၉၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုလျက် ရေးသားတင်ပြအပ်ပါသည်။ ။

# မုံရွာတက္ကသိုလ်ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ပူးပေါင်းပြီး ကလောမြို့နယ် မြင်းမထိတောင်နှင့် ဆင်တောင်သို့တက်ရောက်မည်

**မုံရွာ ဇူလိုင် ၄**

မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်၏ ၂၀၁၈ ခုနှစ် စည်းရုံးလေ့ကျင့်မှုအစီအစဉ်အရ မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ပူးပေါင်းပြီး ရှမ်းပြည်နယ် ကလောမြို့နယ်အတွင်းရှိ မြင်းမထိတောင်နှင့် ဆင်တောင်တို့အား ဇူလိုင်လနောက်ဆုံးပတ်အတွင်း တက်ရောက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"အခုအချိန်မှာ မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းက အသင်းသား၊ အသင်းသူတွေ ပုံမှန် အပတ်စဉ် လမ်းလျှောက်လေ့ကျင့်တယ်၊ မုံရွာမြို့နယ်အနီးတစ်ဝိုက်မှာရှိတဲ့ ကျောက္ကာတောင်၊ တွင်းမတောင်၊ ဗောဓိတစ်ထောင်က တောင်ကြောတွေကို ခရီးတိုလေ့ကျင့်နေပါတယ်၊ ခရီးစဉ်ကနေ ခြေလျင်တောင်တက်အဖွဲ့ချုပ်နဲ့ ပူးပေါင်းမိတယ်၊ သူတို့နဲ့ သူငယ်ချင်းအပေါင်းအသင်း တိုးတယ်" ဟု မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်နီ (ဘူမိဗေဒ၊ ပါမောက္ခဌာနမှူး)ကပြောသည်။

မုံရွာတက္ကသိုလ် ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ ပူးပေါင်းသည့် ရှမ်းရိုးမတောင်တက်ခရီးစဉ်တွင် ကလောမြို့နယ်ရှိ ဆင်တောင်အား ဇူလိုင် ၂၇ ရက်၊ မြင်းမထိတောင်အား ၂၈ ရက်တွင် တက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မန္တလေးတိုင်းဒေသကြီးအဆင့် လူငယ်ဘောလုံးပွဲတော်နှင့် အသက် (၁၄) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲဖွင့်



**ချမ်းအေးသာစံ ဇူလိုင် ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်၊ အခြေခံပညာဦးစီးဌာန၊ MPT တို့ပူးပေါင်းကျင်းပသော မန္တလေးတိုင်းဒေသကြီး အဆင့် ၂၀၁၈ ခုနှစ် လူငယ်ဘောလုံးပွဲတော်နှင့် အသက် ၁၄ နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားပြိုင်ကွင်း၌ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး MPT မှ အမှုဆောင်အရာရှိ ဦးနိုင်ကိုကိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရတနာပုံအသင်းမှ နည်းပြများ ဦးဆောင်ကာ လူငယ်ဘောလုံးပွဲတော်တွင် ပါဝင်ကြသည့် ကျောင်းသား ကျောင်းသူများက ဘောလုံးအခြေခံကစားနည်းများ ကွင်းအတွင်း သရုပ်ပြလေ့ကျင့်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု နှုတ်ဆက်အားပေးသည်။

မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံ့ဂုဏ်ဆောင် လူငယ် ဘောလုံးသမားများပေါ်ထွက်လာစေရေး MPT U-14 ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ အသင်းခုနစ်သင်းနှင့် မန္တလေးမြို့ အခြေခံပညာကျောင်းများမှ U-14 အသင်းငါးသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် အကောင်းဆုံးအားကစားသမားဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

## အခြေခံပညာကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**မြစ်ကြီးနား ဇူလိုင် ၄**

ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြစ်ကြီးနားမြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းသား ကျောင်းသူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိရှိနားလည်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်း ပိုမိုဖန်တီးနိုင်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်အေးက ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းခေါင်းစဉ်ဖြင့် လူတို့ပြုမူနေထိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များပြောင်းလဲလာပုံနှင့် ယနေ့ကမ္ဘာတွင် ဖြစ်ပျက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ၊ မြန်မာနိုင်ငံတွင်လည်း ရေကြီးရေလျှံမှု၊ မြေလျှောက်လှုပ်ခတ်မှု၊ မြေပြိုမှုဖြစ်စဉ်များ ဖြစ်ပွားရခြင်း အကြောင်းအရင်းများ၊ လူတို့ နေ့စဉ်အသုံးပြုလျက်ရှိသော နှစ်ပေါင်းများစွာကြာသည့်တိုင် မဆွေးမြည့်နိုင်သည့် ပလတ်စတစ်အိတ်၊ ဘူးခွံများ၏ ဆိုးကျိုးများ၊ လူတို့သာမဟုတ် တိရစ္ဆာန်များတွင်လည်း ဆိုးကျိုးသက်ရောက်မှုများစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများအား အတန်းလိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆရာလက်စွဲစာစောင်များနှင့် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ရာ ဆရာမတစ်ဦးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အသိပညာပေးဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

တိုတိုထွာထွာဖတ်စရာ

## သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေး

**တာချီလိတ်**

တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ တာ့ဟွာတရုတ်ဘုံကျောင်းခန်းမ၌ ဇူလိုင် ၂ ရက် ညနေ ၆ နာရီခွဲက သက်ငယ်မုဒိမ်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

တာချီလိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးခိုင်က သက်ငယ်မုဒိမ်းဖြစ်ပွားမှုဖြစ်စဉ်များ၊ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းဟောပြောပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပေါ်ထွန်းက ကလေးငယ်များနှင့် မှုခင်းဖြစ်တတ်သည့်အရာများ၊ ရှောင်သင့်သည်များ၊ ညအချိန် အပြင်ထွက်ရာတွင် ဆင်ခြင်သတိထားစေလိုကြောင်း၊ မှုခင်းဖြစ်ပွားပါက ရဲစခန်းကို အကြောင်းကြားစေလိုကြောင်း အသိပညာပေးဟောပြောသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရဲတပ်ဖွဲ့ဝင်များအား ရှေးဦးသူနာပြုစုခြင်းသင်တန်းဖွင့်

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ် သီးကုန်းအမြန်လမ်းမကြီးရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များအား ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ပထမဆုံးအကြိမ် ဖွင့်လှစ်ပို့ချသည့် ရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက အဆိုပါရဲစခန်းတွင်ကျင်းပသည်။

သီးကုန်းအမြန်လမ်းမကြီးရဲစခန်း စခန်းမှူး ဒုရဲမှူးမိုးညွန့်ဦးက ရှေးဦးပြုစုခြင်းပညာရပ်ကို အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များအနေဖြင့် သင်ယူတတ်မြောက်ထားရန်လိုအပ်ကြောင်း၊ သို့မှသာ ယာဉ်မတော်တဆမှုများဖြစ်ပွားပါက အရေးပေါ် လူနာများအား ကူညီဆောင်ရွက်ရာတွင်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းပြောကြားပြီး ခရိုင်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူးဦးနေဦးက သင်ကြားပို့ချပေးမည့်ရှေးဦးပြုစုခြင်း ပညာရပ် သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မင်းတပ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မင်းတပ်**

မင်းတပ်မြို့၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲက မင်းတပ်မြို့အိုအေစစ်ဘန်ဂလိုအနီး ကျောက်စစ်တိုးချဲ့ (II) ကြိုးဝိုင်း အကွက်အမှတ်(၃၈) တွင် ကျင်းပသည်။

မင်းတပ်ခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး အသင်းအဖွဲ့ဝင်များ၊ ချင်းအမျိုးသမီးအဖွဲ့ဝင်များက ခါတော်မီ ၃၀၀၊ ထင်းရှူး ၂၀၀၊ ချယ်ရီ ၁၀၀၊ ယူကလစ် ၅၀ စုစုပေါင်း အပင် ၆၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးများအား ထောက်ပံ့

**ဟားခါး ဇူလိုင် ၄**

ချင်းပြည်နယ်အတွင်းရှိ အသက် ၂ နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ စတုတ္ထအကြိမ် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်အဆင့်လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က မိမိတို့ အကောင်အထည်ဖော်နေသည့် MCCT (Maternal and Child Cash Transfer)အစီအစဉ်တွင် ငွေကြေးထောက်ပံ့မှုတစ်ခုတည်းသာမဟုတ်ဘဲ အာဟာရနှင့်ကျန်းမာရေးဆိုင်ရာအသိပညာပေး လုပ်ငန်းများလည်းပါဝင်သည့်အတွက် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်လိုကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်သည် ချင်းပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (လူမှုကာကွယ်စောင့်ရှောက်ရေး) ဦးကျော်လင်းထင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂ နှစ်အောက်ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ပေးခြင်းအစီအစဉ်ကို ၂၀၁၇ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်လလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၅၁၆၃ ဦးကို လစဉ်ငွေကြေးထောက်ပံ့နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရုံးဝင်းအတွင်း၌ သစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် (၁၅) ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးဝင်းအတွင်း၌ ဇူလိုင် ၄ ရက် နံနက် ၇ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငြေးက ပိတောက်ပင်ကိုစိုက်ပျိုးပြီး အဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ သရက်တို့အား စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**မြတ်သူရိန်**

## နိုင်ငံတကာအဆင့်မီ အများသုံးသန့်စင်ခန်းများ မန္တလေးတွင် တည်ဆောက်ပြီးစီး

**မန္တလေး ဇူလိုင် ၄**

မန္တလေးကျုံးတောင်ဘက်တွင် နံနက်ခင်းနှင့် ညနေပိုင်းလမ်းလျှောက်သူများ၊ အားကစားလေ့ကျင့်သူများ၊ အပန်းဖြေသူများပြားခြင်း၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကျုံးပတ်လမ်းများတွင် နေ့စဉ် လာရောက်လည်ပတ်မှုများပြားလာခြင်းကြောင့် အဆိုပါနေရာဝန်းကျင်တွင် သန့်စင်ခန်းလိုအပ်ချက်ရှိသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှု၊ စေတနာရှင်များ၏ အလှူငွေဖြင့် ချမ်းအေးသာစံမြို့နယ် လမ်း ၇၀၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားတွင် နိုင်ငံတကာအဆင့်မီ အများသုံးသန့်စင်ခန်းကို သီဟမင်းဆွေဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့ရာ ဇူလိုင်လဆန်းတွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့သည်။

နိုင်ငံတကာအဆင့်မီအများသုံးသန့်စင်ခန်းတွင် အမျိုးသား၊ အမျိုးသမီးသီးသန့်ခန်းများ၊ ဝှီးချဲအသုံးပြုသူ၊ မသန်စွမ်းများအတွက်ပါ ထည့်သွင်းတည်ဆောက်ထားသည်။ အမျိုးသမီးသန့်စင်ခန်းကို လေးခန်းတွဲတည်ဆောက်ထားပြီး Sensor စနစ်ပါ လက်ဆေးကန်၊ အပူပေးလက်အခြောက်ခံစက်လည်း တပ်ဆင်ထားသည်။ အမျိုးသားသန့်စင်ခန်းကို သုံးခန်းတွဲတည်ဆောက်ထားပြီး ဆီးစွန့်ကန်သုံးခုတွင် ကလေးများအတွက် အနိမ့်ဆီးစွန့်ကန်တစ်ခု၊ လက်ဆေးကန်တစ်ခု၊ မသန်စွမ်းများအတွက် လျှောက်လမ်းပါသီးသန့်ခန်းတစ်ခုထည့်သွင်းတည်ဆောက်ထားသည်။ အခန်းတိုင်းတွင် လေအေးပေးစက်စနစ်တပ်ဆင်ထားပြီး မီးပျက်သွားပါက အလိုအလျောက်မီးလင်းနိုင်ရေး အင်ဗာတာစနစ်များ တပ်ဆင်ထားသည်။

စွန့်ပစ်အညစ်အကြေးများကို Septic Tank စနစ်အသုံးပြုချေဖျက်မည်မဟုတ်ဘဲ Bio-Tank စနစ်ဖြင့်ချေဖျက်ပြီး အနံ့မပါသည့် ရေကြည်များကိုသာ စွန့်ထုတ်မည့် ခေတ်မီစနစ်များကိုအသုံးပြုထားသည်။ သန့်စင်ခန်းပြင်ပလုံခြုံရေးအတွက် စီစီတီဗွီကင်မရာများတပ်ဆင်ခြင်း၊ လျှပ်စစ်မီးတိုင်များတပ်ဆင်ခြင်းများကို စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# စာပေထူးချွန်ရုံသာမက အကျင့်စာရိတ္တကောင်းမွန်ပြီး အားထားရသည့်သားကောင်းသမီးမွန်များဖြစ်ရန်ကြိုးစားဖို့လို



**ပဲခူး ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အခြေခံကောင်းမှ အသီးအပွင့်ကောင်းရမှာဖြစ်သည့်အတွက် မိမိသင်ကြားရသည့် အတန်း၊ ဘာသာရပ်များကို သင်ရိုးကုန်အောင်၊ သင်ခန်းစာကျေညက်အောင် အတန်းအဆင့်နှင့်အညီ အခြေခံအသိများ ပါရှိသွားအောင် အဆင့်ဆင့်သင်ကြားပေးရန်ကလည်း အရေးကြီးကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်၊ ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်မှု၊ ကျောင်းသား ကျောင်းသူများအပေါ် စေတနာထား လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ စာပေထူးချွန်ထက်မြက်သလို လောကနီတိများ သိရှိပြီး အကျင့်စာရိတ္တပြည့်ဝသည့်၊ စည်းကမ်းကောင်းမွန်သည့်သူများ၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းအားရှိသရွေ့ ဆောင်ရွက်နိုင်သူများ၊ နိုင်ငံတော်ကအားထားရသည့် မိမိတိုင်းဒေသကြီးနှင့် မြို့နယ်၏ဂုဏ်ကိုဆောင်နိုင်သည့် သားကောင်း၊ သမီးမွန်များဖြစ်အောင် ကြိုးစားကြဖို့ မှာကြားလိုကြောင်း၊ မိဘများကလည်း မိမိတို့၏ဆန္ဒကို ရှေ့တန်းမတင်ဘဲ သား၊ သမီးများ၏ ဝါသနာပါရာအရ ဖြစ်သင့်သော တက္ကသိုလ်၊ ကောလိပ်ကို လမ်းညွှန်တည့်မတ်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဆရာမကြီး ဒေါ်မေသက်နွယ်က ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ထူးရှင်များ၊ တိုင်းဒေသကြီးအဆင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူများ၊ တိုင်းဒေသကြီးအဆင့် အမှတ်အများဆုံးရရှိသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် မြို့နယ်များ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဘာသာရပ်ဆရာ ဆရာမများအား ဂုဏ်ပြုဆုများနှင့် ပညာရည်ချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီး၌ အထက်တန်းကျောင်း ၂၁၁ ခု၊ အထက်တန်းကျောင်းခွဲ ၁၉၄ ခု၊ အထက်တန်းအဆင့် ကျောင်းစုစုပေါင်း ၄၀၅ ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၀ ဒသမ ၇၀ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကေတုမတီမြို့ အိမ်ထောင်စု ၁၈၀ ကျော်အတွက် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပြီးစီး

**တောင်ငူ ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့တွင် ဓာတ်အားလိုအပ်ချက်ရှိသော အိမ်ထောင်စုများအတွက် ထရန်စဖော်မာ နှင့် ၄၀၀ ဗို့လိုင်း တစ်မိုင် တိုးချဲ့တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသခံများအတွက် များစွာအဆင်ပြေသွားပြီဖြစ်ကြောင်းသိရသည်။

ကေတုမတီမြို့ မင်းကြီးဆွေရပ်ကွက်နှင့် သဝန်ငယ်ရပ်ကွက် နဝဒေးလမ်းရှိ အိမ်ထောင်စုပေါင်း ၁၈၀ ကျော်အား ဓာတ်အားပြည့်ဝစွာရရှိနိုင်ရေးအတွက် ၁၁/သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်ဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့လိုင်း တစ်မိုင်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးစည်သူက ပြောကြားသည်။

"လုပ်ငန်းတွေပြီးစီးသွားတော့ ဓာတ်အားသုံးစွဲသူတွေ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မှာဖြစ်တဲ့အတွက် အရင်ကထက် အများကြီးအဆင်ပြေသွားပါပြီ။ နောက်တစ်ခုက ကျွန်တော်တို့ဌာနအနေနဲ့ အင်ဒိုင်း၊ နတ်စင်ကုန်း၊ ကျွန်းကုန်း ကျေးရွာများမှ ရန်ကုန်-မန္တလေးကားလမ်းတိုးချဲ့တဲ့အခါ လမ်းပေါ်မှာ ကျန်ရစ်ခဲ့တဲ့ ဓာတ်တိုင် တွေအားလုံး ၇၂ တိုင်ကို ဇွန် ၂၈ ရက်နေ့က အားလုံးရွှေ့ပြောင်းပြီးဖြစ်တဲ့အတွက် ကားလမ်းမှာသွားလာနေကြတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ အန္တရာယ်ကင်းကင်းသွားလာနိုင်ကြပါပြီ" ဟု ဦးဖြိုးစည်သူက ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**



## တိုတိုထွာထွာဖတ်စရာ

### အသိပညာပေးဟောပြောပွဲ မော်လမြိုင်၌ကျင်းပ

**မော်လမြိုင်**

မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်မြို့ ကြာအင်းကျေးရွာအရှေ့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ် ၁၂ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(မွန်) မှ ဒုတိယရဲမှူး ဌေးရွှေက ယာဉ်မောင်းရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ အမှတ် ၉ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲမှူး မိုးဦးက လူကုန်ကူးမှုမြောက်ရန်အချက်များ၊ အမျိုးအစားများနှင့် ပြစ်မှုအကြောင်းအရာများကိုလည်းကောင်း၊ အမှတ် ၃၈ မူးယစ်တပ်ဖွဲ့စုမှ ရဲမှူးသန်းဝင်းရွှေက မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

### ပင်လယ်ငါးအရနည်း၍ မွေးမြူရေးငါးများစားသုံးနေရ

**ဖျာပုံ**

မြန်မာ့ပင်လယ်ပြင်တွင် ဖျာပုံမြို့နယ်ရှိ ငါးဖမ်းစက်လှေ ၂၀ ရာခိုင်နှုန်းသာ ပင်လယ်ပြင်သို့ထွက်ခွာ၍ ငါးဖမ်းဆီးခွင့်ရရှိပြီး ထွက်ခွင့်ရှိသည့်ငါးဖမ်းစက်လှေများမှာလည်း အရနည်းသဖြင့် ဖျာပုံမြို့ရှိ ပင်လယ်ငါးအဝယ်ဒိုင် အချို့ပိတ်ထားရကြောင်းလုပ်ငန်းရှင်များထံမှ သိရသည်။

ရေချိုမြစ်ချောင်းများတွင် ငါး၊ ပုစွန်ဖမ်းဆီးသည့် လုပ်ငန်းများမှာ ရာသီချိန်ကျရောက်နေသော်လည်း ငါး၊ ပုစွန်ဖမ်းဆီးရရှိမှု နည်းပါးနေပြီး ပုစွန်ဗော့ချိပ်နှင့် ပုစွန်ပဲနပြားမှာ တစ်ပိဿာ ငွေကျပ် ၈၀၀၀ နှင့်အထက်ဝယ်ယူစားသုံးနေရကြောင်းစားသုံးသူများထံမှ သိရသည်။

ရာသီမရွေး ဝယ်ယူစားသုံးနိုင်သည့်ငါးများမှာ မွေးမြူရေးငါး (ကန်ငါး) များဖြစ်သည့် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်နှင့် ငါးမုတ်ငါးများဖြစ်ပြီး ပျမ်းမျှ တစ်ပိဿာငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အတွင်းရှိကြောင်း ဇူလိုင် ၄ ရက် နံနက်ငါး၊ ပုစွန်ဈေးကွက်မှ သိရသည်။ **အောင်ဝင်း (ဖျာပုံ)**

# ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(မွမ်းမံ)နှင့် Myanmar Fitness Dance ဆင့်ပွားသင်တန်းဖွင့်

**ထားဝယ် ဇူလိုင် ၄**

တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ်မွမ်းမံသင်တန်းနှင့် Myanmar Fitness Dance ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဟိုပင်က သင်တန်းသားများ အနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် မြို့နယ်များကို ကိုယ်စားပြုသည်နှင့်အညီ နိုင်ငံဂုဏ်သိက္ခာကိုပါ မြှင့်တင်နိုင်ရေးအတွက် သင်တန်းက သင်ကြားပေးလိုက်သော အတတ်ပညာများကို မိမိဒေသ အမျိုးသမီး အားကစား မြင့်မားတိုးတက်လာအောင် ဆင့်ပွားသင်ကြားပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား သင်တန်းနည်းပြဆရာများက Myanmar Fitness Dance ဖြင့် သရုပ်ပြသပြီး အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အေရိုးဗစ် မွမ်းမံသင်တန်းနှင့် Myanmar Fitness Dance ဆင့်ပွားသင်တန်းကို သင်တန်းသူ ၂၀ အား ဇူလိုင် ၉ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

# စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံ တူးဖော်တည်ဆောက်မှု ကွင်းဆင်းကြည့်ရှု

**ရွှေတောင် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ မွန်အေးချမ်းကုမ္ပဏီက တင်ဒါစနစ်ဖြင့် ဆောင်ရွက်သော ရွှေတောင်မြို့လမိုင်းကျေးရွာအုပ်စု ရွှေကူကျေးရွာတွင် လေးလက်မစက်ရေတွင်း (တွင်းတိမ်)တူးဖော်ခြင်း၊ ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်နှင့် မြို့နယ်ဦးစီးမှူး ဦးရန်နိုင်စိုးတို့က ဇူလိုင် ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**



# သုံးခွမြို့နယ် လက်ပန်ကျေးရွာတွင် ရေသန့်စင်စက်တည်ဆောက်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ KOICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မြန်မာဆယ်မားအူးလ်အွန်ဒုံ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို စီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးစိန်နွဲ့၏ဦးဆောင်မှုဖြင့် အကောင်အထည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်း၏ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အတွက် ကျေးရွာသား ကျေးရွာသူများ သန့်ရှင်းသောသောက်ရေရရှိနိုင်ရန် KOICA အဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံက ထောက်ပံ့ငွေကျပ် ၂၆၆၀၀၀၀ နှင့် ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၃၆၇၅၉၅၀ စုစုပေါင်း ကျပ် ၆၃၃၅၉၅၀ ဖြင့် တည်ဆောက်ခဲ့ရာ ဇူလိုင် ၄ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။ မင်္ဂလာမြေသားရေကန်မှ ရေကို ရေသန့်စက်ဖြင့် သန့်စင်ပေးပြီး ကျေးရွာရှိ အိမ်ထောင်စု ၃၅၀၊ လူဦးရေ ၁၁၁၄ ဦးအား သန့်ရှင်းသော၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေကို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

**စည်သူလင်း (ပြန်/ဆက်)**

# ရေဘေးကာကွယ်ရေးနည်းစနစ်များ သရုပ်ပြပွဲ သာယာဝတီတွင်ပြုလုပ်



**သာယာဝတီ ဇူလိုင် ၄**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အိပ်လဟာကျေးရွာအုပ်စု အိပ်လဟာရွာအနီး အသရော်-အိပ်လဟာတာမိုင်(၂၃/၂)အနီးတွင် ဇူလိုင် ၃ ရက်နံနက် ၉ နာရီကရေဘေးကာကွယ်ရေးနည်းစနစ်များအား သရုပ်ပြပွဲကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသခံများအား မိုးရာသီမြစ်ရေမြင့်တက်ချိန်၌ တာများတွင်ဖြစ်ပေါ်လာနိုင်သည့်ထူးပေါက်ခြင်း၊ သဲပွက်ထခြင်း၊ တာအိတာပျော့ခြင်း၊ တာပေါ်ရေကျော်ခြင်းတို့အတွက် အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များကို သရုပ်ပြသခဲ့ကြသည်။

သာယာဝတီခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစဝ်ခွန်ဦးက အမှာစကားပြောကြားပြီး သာယာဝတီမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးကျော်ဇောထွန်းက မြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏အခြေအနေများကို ရှင်းလင်းပြောကြားကာ မိုးရာသီမြစ်ရေမြင့်တက်ချိန်တွင် အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များကို ရုပ်ပုံကားချပ်များဖြင့် လက်တွေ့သရုပ်ပြဆောင်ရွက်မှုများကို အသေးစိတ် ရှင်းလင်းပြသသည်။ တက်ရောက်လာကြသော ဒေသခံပြည်သူများက မိုးရာသီတွင်ကြုံတွေ့ရသည့်အခက်အခဲများ၊ ရေဘေးအတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ခရိုင်ပြန်/ဆက်)**

## ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ယင်းမာပင်တွင် အဆင့်မြင့်ကွန်ပျူတာသင်တန်းဖွင့်

**ယင်းမာပင် ဇူလိုင် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး အဆင့်မြင့်ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက်က ခရိုင်ကျေးလက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းမာပင်ခရိုင်တွင်ဖွင့်လှစ်သော ကွန်ပျူတာသင်တန်းနှင့် ပတ်သက်၍ ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန့်စင်စိုးက "ဒီသင်တန်းက ဝန်ထမ်းများစာရင်း ဇယားများရေးဆွဲရာတွင် လွယ်ကူစေရန် Excel သုံးပြီး ငွေစာရင်း ရေးဆွဲနိုင်ရန်နဲ့ပြီးတော့ မြစိမ်းရောင်ရန်ပုံငွေ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာမှာ မြန်ဆန်သွက်လက်စေရေးအတွက် ဝန်ထမ်းများကို သင်တန်းပေးခြင်းဖြစ်ပါတယ်။ အခု ခြောက်လဘတ်ဂျက်မှာ ပထမအကြိမ်အဖြစ် Solar Home System and mini Grid သင်တန်းကို ငါးရက်ကြာဖွင့်လှစ်ပြီး အခုသင်တန်းကတော့ ဒုတိယအကြိမ်ဖွင့်လှစ်တဲ့သင်တန်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အဆင့်မြင့်ကွန်ပျူတာသင်တန်း (Advanced Excel For Accounting) တွင် ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအပြင် အခြားဌာနဆိုင်ရာများမှငါးဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများကျင်းပ



**တန့်ယန်း ဇူလိုင် ၄**
တန့်ယန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ မီနီမာရသွန်ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် တန့်ယန်းမြို့နယ် မြို့နယ်အားကစားကွင်း၌ ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး၊ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း၊ မြို့နယ်သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်၊ လားရှိုးခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ငွေအောင်နှင့် ဝန်ထမ်းများ၊ တန့်ယန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ဇူလိုင် ၂ ရက် နံနက် ၆ နာရီက ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် မီနီမာရသွန်ပြိုင်ပွဲအားကျင်းပပြီး ဆုရရှိသော အားကစားသမားများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## အိပ်မက်တွေပြည့်ဝလာခဲ့ပြီဖြစ်တဲ့ ၂၀၁၅ မယ်စကြဝဠာဆုရှင်

၂၀၁၅ ခုနှစ် မယ်စကြဝဠာဆုရှင် ပီယာအလိုဂျိုဝက်ဇ်ဘာ့ချ်ဟာ လတ်တလောမှာတော့ အိပ်မက်တစ်ခု ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ အလွန်ကိုနှစ်သက်ရတဲ့ ပေါ့ပ်ကြယ်ပွင့် ချာစီဝမ်နဲ့ ဇွန်လကုန်မှာ တွေ့ဆုံခွင့်ရခဲ့ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပီယာအလိုဂျိုဝက်ဇ်ဘာ့ချ်ဟာ မယ်စကြဝဠာသရဖူကို ဆောင်းခွင့်မရမီကပင် ချာစီဝမ်ရဲ့ ပရိသတ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လကုန်မှာ "Super Junior"ရဲ့ ဖျော်ဖြေပွဲကို မနီလာမှာ ကျင်းပခဲ့ရာမှာတော့ ဖိလစ်ပိုင်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပီယာအလိုဂျိုဝက်ဇ်ဘာ့ချ်အနေနဲ့ သူ့ရဲ့ အိုင်ဒေါ်ကို သွားရောက်တွေ့ဆုံခွင့်ရခဲ့တာ ဖြစ်ပါတယ်။






လတ်တလောမှာ လေးလတာ လက်တွဲခဲ့တဲ့ ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဆူဇီဟာ တောင်ကိုရီးယားရဲ့ တေလာဆွစ်ပါလို့ ပရိသတ်တွေရဲ့ ဝေဖန်မှုတွေ ခံနေရကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ဆူဇီဟာ မင်းသား လီဒေါင်ဝတ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အေဂျင်စီမှတစ်ဆင့် အသိပေးခဲ့တာဖြစ်ပြီး အဲဒီနောက်မှာတော့ တွစ်တာစာမျက်နှာတွေပေါ်မှာ ဆူဇီကို ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။ ကျော်ကြားတဲ့ စုံတွဲတစ်တွဲဖြစ်ပေမယ့် ချစ်သူသက်တမ်းအချိန်တိုအတွင်း လမ်းခွဲလိုက်တဲ့အပေါ် ဝေဖန်ခဲ့ကြပြီး အချို့သော ပရိသတ်တွေကတော့ ဆူဇီဟာ ချစ်သူတစ်ယောက်ပြီးတစ်ယောက် တန်းစီထားတာကြောင့် အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ တူကြောင်း၊ တောင်ကိုရီးယားရဲ့ တေလာဆွစ်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့တာတွေ့ရပါတယ်။

ဒီလို တွစ်တာပေါ်မှာ ဝေဖန်ခံခဲ့ရတဲ့ ဆူဇီကို သူ့ရဲ့ပရိသတ်တွေက ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါတယ်။ ဆူဇီသာ တေလာဆွစ်နဲ့ တူပါက ဂရမ်မီဆယ်ဆုရပြီး ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးတေးသံရှင်တစ်ဦးဖြစ်လာမှာဖြစ်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် အခြားသော ပရိသတ်တစ်ဦးကလည်း ဆူဇီဟာ ဂီတလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းခဲ့သည်မှ လက်ရှိအချိန်အထိ ချစ်သူနှစ်ဦးနဲ့သာ လမ်းခွဲခဲ့တာဖြစ်ကြောင်း၊ တေလာဆွစ်လို အချစ်ဟောင်းတွေများသူတစ်ဦး မဟုတ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

ဆူဇီဟာ အမျိုးသမီးတေးဂီတအဖွဲ့ "Miss A"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတနယ်ပယ်မှာ စတင်ခြေချခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားလာပြီးနောက်ပိုင်းမှာ သရုပ်ဆောင်နယ်ပယ်ကို ဝင်ရောက်လာကာ လက်ရှိမှာတော့ ခေါင်းဆောင်မင်းသမီးအဖြစ် ရုပ်ရှင်ပေါင်းများစွာမှာ ပါဝင်ခဲ့ရာ အနုပညာထူးချွန်ဆုတွေကိုလည်း လက်ခံရရှိခဲ့ပြီးဖြစ်ပါတယ်။ မင်းသား လီဒေါင်ဝတ်နဲ့ လက်မတွဲမီမှာ ဆူဇီဟာ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုနဲ့ ချစ်သူတွေ ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လက်တွဲခဲ့ပြီးနောက် လီမင်ဟို စစ်မှုထမ်းဆောင်နေစဉ်မှာပင် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၈ ခုနှစ်အစောပိုင်းမှာတော့ ဆူဇီနဲ့ လီဒေါင်ဝတ်တို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီး တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လေးလအကြာမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အေဂျင်စီတွေကနေတစ်ဆင့် ပရိသတ်ကို အသိပေးခဲ့တာ ဖြစ်ပါတယ်။

**အေးပြည့်-ရေးသားသည်**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အမျိုးဘာသာ သာသနာ ကဗျာစုများ




ကဗျာစာပေကိုဖတ်ရှုလိုသူများအတွက် စာရေးသူ ဓမ္မာစရိယလှမ်းအောင် စီစဉ်ရေးသားသည့် အမျိုးဘာသာ သာသနာ ကဗျာစုများ စာအုပ်ထွက်ရှိလာသည်။

လူသားတိုင်းတွင် မိမိကိုးကွယ်ရာ ဘာသာ သာသနာများကိုယ်စီရှိကြပြီး မိမိ၏ မိဘအဘိုးအဘွားများ ကိုးကွယ်ခဲ့သော ဘာသာ သာသနာကိုသာ ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ အမျိုးဘာသာ သာသနာကိုစောင့်ထိန်းတတ်စေရန် ငြိမ်းချမ်းရေး၊ တို့အမွေ၊ ပြည်ထောင်စုဖြိုခွဲသူ တို့ရန်သူ၊ သတ္တိရှိကြပါ၊ အနောက်ဘက်လွန်မင်း၏ ပြည်ပရန်ကိုကာကွယ်ခြင်း၊ စည်းလုံးခြင်းသည် အင်အား၊ အမျိုးသားအတွက် အသက်စွန့်ကြ(တျာချင်း)၊ မြန်မာမလေးတွေ မြန်မာနဲ့တူစေချင်၊ ရဲဘော်မသေ သေသော်ငရဲမလား ပြည့်စစ်သား၊ လူမျိုးတိမ်ကောက သာသနာလည်းတိမ်ကောမည်၊ ဇာတိသွေးမရှိက တိုင်းတစ်ပါး လက်အောက်ခံဖြစ်မည် စသည်ကဗျာအပုဒ်ပေါင်း ၇၀နီးပါးကို ရေးသားထားသောကြောင့် အမျိုးဘာသာ သာသနာကို လေ့လာလိုသူများ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို အောင်ကျော်မြင့်စာပေ- ဦးဝိစက္ခဏာဘိဝံသ၊ ဘုရားဖြူတိုက်၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၃၁၈၆၇၉နှင့် ၀၉-၂၅၀၉၀၃၅၈၀တို့မှ ဖြန့်ချိသည်။**

## Microsoft Using Windows 10




ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Aung Myint (M.E., Australia) စီစဉ်သည့် Microsoft Using Windows 10 စာအုပ်ထွက်ရှိလာသည်။

လွန်စွာအသုံးများသည့် Windows 7,Windows 8 တို့၏နောက်မှာ Microsoft က နောက်ဆုံးပေါ် Windows 10 ကို 29 July 2015 ရက်တွင် စတင်ဖြန့်ချိခဲ့သည်။ Licenes version ရှိသည့် user များအတွက် Windows 10 က အခမဲ့ upgrade လုပ်ခွင့်ပေးထားသည်။ Windows 10 အတွက် minimum system requirement က Processor: 1GHz of faster ၊ Ram: 1gigabit (GB) 32-bit or 2gigabit (GB) 64-bit၊ Free hard disk space:16(GB) တို့ လိုအပ်မှာဖြစ်သည်။ Windows 10 တွင်ပါသည့် new feature တွေက Cortana (an intelligent personal assistant)၊ Microsoft Edge (lightweight web browser)၊ Virtual desktops/Task view(expanding the screen beyond the size of the physical viewing device)၊ Action Center အစရှိသည်တို့ကိုထည့်သွင်းဖော်ပြထားသည်။

**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၅၄၁၇၄၅နှင့် ၀၁-၅၅၂၁၀၄တို့က ဖြန့်ချိသည်။**

## ဗမာ့ဆိုရှယ်လစ်ဝါဒ ကျဆုံးခန်း




စာပေဖတ်ရှုလိုသူများ ဆိုရှယ်လစ်ဝါဒအကြောင်းသိရှိနိုင်စေရန် စာရေးသူ ကိုကိုလေး စီစဉ်ရေးသားသည့် ဗမာ့ဆိုရှယ်လစ်ဝါဒ ကျဆုံးခန်း စာအုပ်ထွက်ရှိလာသည်။

ဆိုရှယ်လစ်စနစ်အစပိုင်းတွင် နှစ်စဉ် စံပြလုပ်သားများစွာ ပေါ်ထွက်လာခဲ့ပြီး ငပလီအပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်း၊ မောင်းမကန် အပန်းဖြေစခန်းများတွင် အနားယူကြသည်။ ထို့ကြောင့် အားကောင်းမောင်းသန်ဖြင့် ကာယလုပ်သား၊ ဉာဏလုပ်သားကြီးများ အားကြိုးမာန်တက် ကြိုးစားပြီး မြန်မာ့ဆိုရှယ်လစ်ကို ညီညီညာညာနှင့် စုပေါင်းချီတက်ခဲ့ကြသည်။ ခေတ်စနစ်များမည်မျှပင်ပြောင်းပြောင်း၊ အချိန်ကာလများမည်သို့ပင် ပြောင်းပြောင်း မပြောင်းလဲသည်က ကျောင်းသားများသာဖြစ်ပြီး ဆဲဗင်းဇူလိုင်မျိုးဆက်များ၊ ဦးသန့်အရေးအခင်းမျိုးဆက်များသည် ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံးအုံကြွကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရကို ဖြုတ်ချနိုင်ခဲ့သည်။

**စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄/B၊ လမ်း (၄၀) အပေါ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ HOT LINE ၀၉-၇၃၂၀၁၅၈၆၊ Office ၀၉-၇၉၅၂၆၇၈၃၄ တို့မှ ဖြန့်ချိသည်။**

## သက်တံရောင်စာပန်းခင်း




နီးလွန်းသောအရာသည် မြင်ရခက်သကဲ့သို့ ကိုယ့်ကိုယ်ကိုယ် မြင်ဖို့ကလည်း ခက်ခဲကြောင်း စာရေးသူ အောင်နိုင်(တက္ကသိုလ်) စီစဉ်ရေးသားသည့် သက်တံရောင်စာပန်းခင်း စာအုပ်ထွက်ရှိလာသည်။

အညာနွေပူသည်ကို အများကပင်သိနေကြသည်။ သို့သော်ဘယ်လိုပူသည် ဘယ်လောက်ပူသည်ကို တွေ့ထိခံစားဖူးသူမှသာ တိတိကျကျ သိနိုင်ကြလိမ့်မည်ဖြစ်သည်။ အညာနွေပူသည်ဟုဆိုရုံနှင့် လုံလောက်မည်မထင်၊ အလွန်ပူသည်ဟုဆိုရုံနှင့်လည်း လုံလောက်မည်မထင်သေး၊ မခံနိုင်အောင်ပူသည်ဟုဆိုမှ ကြားရသူတို့ နားလည်နိုင်ကောင်းသည်ဟုထင်သည်။ အညာသားတို့ကမူ အညာနွေပူသည်ကို ထင်ရှားစေရန် နေကလည်းပူလိုက်တာ၊ ကိုယ့်ကိုယ်က ညှော်နံ့ထွက်လာတာပဲဟု သရုပ်ဖော်ပြောဆိုတတ်ကြကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို Quality Publishing House အမှတ်-၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၃၆၆၄နှင့် ၀၁-၃၈၆၈၃၃တို့မှ ဖြန့်ချိသည်။**

## ကံပွင့် လာဘ်ပွင့် အစွမ်းထက် ဂါထာနှင့် ယတြာများ




ခုတ်ရိုက်ခုတ်ဆင်ပညာကို လက်တွေ့ဆောင်ရွက်ခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများကိုသိရှိနိုင်စေရန် စာရေးသူဂမ္ဘီရဆရာလှမျိုး စီစဉ်ရေးသားသည့် ကံပွင့် လာဘ်ပွင့် အစွမ်းထက်ဂါထာနှင့် ယတြာများစာအုပ်ထွက်ရှိလာသည်။

ခုနစ်နေ့သားသမီးများ မည်သူမဆို ကံဇာတာနိမ့်၊ ကံနိမ့်၊ ကံညံ့နေပါက ကံဇာတာတက်၊ ကံမြင့်စေသော အဓိဋ္ဌာန်ယတြာ၊ သပြေမည့်ူး ဝင်ငွေတိုး၊ ခုနစ်ရက်သားသမီး များအားလုံးအတွက် အကောင်းဆုံးအညွှန့်များ၊ လာဘ်ရွှင်ငွေဝင်အကြွေးရ ကွမ်းရွက်ယတြာ၊ ဝါးလက်ခုပ်၊ လက်ခုပ် တီးလာဘ်ခေါ်နည်း၊ လိုရာဆန္ဒပြည့်စေသော ဟောလစ်ပေါက်ပေါက်ယတြာ၊ ကောင်းကျိုးဝေဆာ အထက်ဆောင်ပန်းယတြာစသော ယတြာပေါင်းများစွာဖြင့် လူမှုဘဝတွင် ကြုံတွေ့ရသော အခက်အခဲများကို အောင်မြင်နိုင်စေရန် စီစဉ်ရေးသားထားသည်။

**စာအုပ်ကို မရွှိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃တို့မှ ဖြန့်ချိသည်။**

## မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း (တတိယအကြိမ်)




သမိုင်းမတင်မီအချိန်ကာလအတွင်းက ရှင်သန်ပေါက်ပွားနေထိုင်ခဲ့ကြသော သက်ရှိသတ္တဝါများအပါအဝင် အပင်များ၏ အစိတ်အပိုင်းများကို လေ့လာနိုင်စေရန် စာရေးသူ သန်းထွန်း(ဗိုလ်မှူးချုပ်ဟောင်း) စီစဉ်ရေးသားသည့် မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်း (တတိယအကြိမ်) စာအုပ် ထွက်ရှိလာသည်။

ကျောက်ဖြစ်ရုပ်ကြွင်းများသည် အပင်တစ်ပင်လုံး(သို့မဟုတ်) သက်ရှိသတ္တဝါတစ်ကောင်လုံး၏ ရုပ်ကြွင်းဖြစ်နိုင်သကဲ့သို့ ယင်း၏အစိတ်အပိုင်း တစ်ခုခုလည်းဖြစ်နိုင်သည်။ ထိုကျောက်ဖြစ်ရုပ်ကြွင်းများကို သတ္တဝါတို့၏ အရိုးများ၊ အပြင်အခွံအမာများ၊ အပင်များ၏ပင်စည်၊ အမြစ် စသည့်အစိတ်အပိုင်းအမျိုးမျိုးကိုတွေ့နိုင်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းများကို စနစ်တကျ လေ့လာသောပညာကို ကျောက်ဖြစ်ရုပ်ကြွင်းပညာဟုခေါ်ပြီး ယင်းပညာရပ်တွင် သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းပညာ၊ အပင်တို့၏ကျောက်ဖြစ်ရုပ်ကြွင်းပညာတို့ပါဝင်သည်။ သတ္တဝါအမျိုးအစားအပေါ်မူတည်၍ ကျောရိုးရှိသတ္တဝါနှင့် ကျောရိုးမဲ့သတ္တဝါများအကြောင်းကို ရေးသားထားသည်။

**စာအုပ်ကို ပြည့်စုံစာပေ၊ အမှတ်-၂၆၃၊ YMCA အဆောက်အအုံ၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၄၄၂နှင့် ၀၉-၄၄၃၂၂၅၂၆၆ တို့မှ ဖြန့်ချိသည်။**

## သူတို့မြင်တဲ့ ယနေ့တရုတ်ပြည်




မြန်မာသတင်းစာဆရာ၊ စာရေးဆရာများ၏ တရုတ်ပြည်အပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ မီဒီယာ၊ ခရီးသွားရှုမြင်ချက်များကို စုစည်းဖော်ပြထားသည့် သူတို့မြင်တဲ့ယနေ့တရုတ်ပြည်စာအုပ်ထွက်ရှိလာသည်။

၁၉၈၀ပြည့်ကာလတွင် အာရှ၏နဂါးလေးကောင်ဟူ၍ လေးနိုင်ငံကို တင်စားခေါ်ဝေါ်ခဲ့ကြသည့် တောင်ကိုရီးယား၊ တရုတ်တိုင်ပေ(ထိုင်ဝမ်)၊ ဟောင်ကောင်၊ စင်ကာပူ တို့ဖြစ်သည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ ရွှေလီမြို့သည် ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှုထွန်းကားရာ ဒေသဖြစ်ပြီး ရှေးခေတ်ရှမ်းစော်ဘွား မင်းဆက်သုံးဆက်စိုက်တည်ရာ မြတ်ဌာနေ တစ်ခုဖြစ်သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံ တိုင်းရင်းသားများသည် နယ်စပ်ဖြတ်ကျော် အတူတကွနေထိုင်ကြပြီး တူညီသောဘာသာစကား၊ တူညီသောဓလေ့ထုံးတမ်းများနှင့် သမိုင်းယဉ်ကျေးမှု၊ တိုင်းရင်းသားယဉ်ကျေးမှု၊ နယ်စပ်ယဉ်ကျေးမှုတို့ကို အတူတည်ဆောက်ခဲ့သည်။

**စာအုပ်ကို J Media Publishing အမှတ်-၂၀၊ ဦးအောင်ဘလမ်း၊ ဆရာစံ(တောင်) စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၇၉၈၈၄၆၄၊ ၀၉-၄၂၀၀၈၈၀၉၆ တို့မှ ဖြန့်ချိသည်။**

## လက်တွေ့အသုံးချ ဆေးနည်းတိုများ




ကျန်းမာရေးသည်လူသားတိုင်းအတွက် အဓိကအရေးကြီးဆုံးဖြစ်သောကြောင့် စာရေးသူဟိန်း(ဘူမိ) စီစဉ်ရေးသားသည့် လက်တွေ့အသုံးချ ဆေးနည်းတိုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သဘာဝအစားအစာများ၏ ဆေးဖက်ဝင်အာနိသင်များကို ရေးသားထားသည်။ ကိုက်ခဲထုံကျဉ်သောရောဂါသည် မည်မျှပင် အနင်း၊ အနှိပ်ခံသည်ဖြစ်စေ ပျောက်ကင်းမှုမရှိဘဲ ရေရှည်ခံစားလေ့ရှိတတ်သဖြင့် ထိုရောဂါကို ၁၀ နှစ်ကျော်ခံစားခဲ့ရဖူးသူတစ်ဦး၏ လက်တွေ့ပျောက်ကင်းသော ဆေးနည်းမှာ အမည်သုံးမျိုးပါ ဆေးမြင်းခွာ၊ ငရုတ်ကောင်း၊ ပျားရည် အဆိုပါ သုံးမျိုးရောစပ်ထားသောဆေးကို ဇွန်းဖြင့်ကော်ယူ၍ ပြန်လောင်းချပါက အမျှင်တန်းအဖြစ် ပြန်ကွဲကျနေသော အနေအထားမျိုးပြုလုပ်၍ ပထမသုံးရက်တွင်မန်ကျည်းစေ့တစ်ဝက်ခန့်၊ ဒုတိယသုံးရက်တွင်မန်ကျည်းစေ့လေးပုံသုံးပုံခန့်၊ တတိယသုံးရက်တွင် မန်ကျည်းစေ့ခန့်အတိုင်း စားသုံးပါက ပျောက်ကင်းစေသည်။

**စာအုပ်ကို မရွှိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၉၂၈၃၅ နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ ဖြန့်ချိသည်။**

## ဝေါမြို့နယ်အသင်း(ရန်ကုန်)

**သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရန်နှိုးဆော်ခြင်း။**

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကို ၁၃၈၀-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်၊ (၇-၁၀-၂၀၁၈) ရက်နေ့၊ (တနင်္ဂနွေနေ့) နံနက် (၈း၃၀) နာရီတွင် အသင်းတည်ရှိရာ စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ ရွှေတောင်တိုက်သစ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ကြောင်း အသင်းသူ/ အသင်းသားများ၊ ဝေါမြို့နယ်သူ/ ဝေါမြို့နယ်သားများအား ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်မြို့၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝေါမြို့နယ်ဖွား ကျောင်းသား/ကျောင်းသူများ၊ ရန်ကုန်မြို့၌နေထိုင်သူ အသက် (၇၅) နှစ်အထက်ဝေါမြို့နယ်ဖွား အဘိုး/အဘွားများ အမည်စာရင်း ကို (၁၅-၉-၂၀၁၈) ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ အသင်းဝင်လိုသူများ နှင့် လှူဒါန်းလိုသူများ အနေဖြင့်လည်းကောင်း၊ အောက်ဖော်ပြပါ အမှုဆောင်များထံဆက်သွယ်စာရင်း ပေးပို့လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန် -
ဦးဝေလင်း (၀၉-၇၇၅၅၀၂၉၁၀)၊ ဦးမြင့်လွင် (၀၉-၅၀၆၅၇၆၂)၊ ဦးရင်ထွေး (၀၉-၅၀၂၆၁၁၅)၊ ဦးစိုးဝင်း (၀၉-၅၁၅၂၃၄၀)၊ ဦးခင်ဇော်ဦး (၀၉-၇၉၉၈၆၈၅၃၁)၊ ဦးမင်းသန့် (၀၉-၂၅၄၂၉၀၁၂၄)

အမှုဆောင်အဖွဲ့၊ ဝေါမြို့နယ်အသင်း (ရန်ကုန်)
ရွှေတောင်တိုက်သစ်၊ ပရိယတ္တိစာသင်တိုက်၊ ဓားတရာတိုက်၊
ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

---

မြန်မာပြည်တွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီတွင် ခန့်အပ်မည်

## Sales & Marketing Executive M/F(20)

- Automobile - 350,000Kyats

- Any Graduate, Must Have Driving Black License
- 2years Sales & Marketing Experience In Automobile Field
- Basic Engilsh or Chinese Skills, Understanding In Government Tender
- Working Hours: Weekdays(8:30am ~ 5:30Pm), Sat: (8:30am ~ 12:30pm)
- ( ကားနှင့်ပတ်သတ်သော Import, ကညန, လိုင်စင်လုပ်ငန်းများ နားလည်ရမည်။ )

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ⟹ Like VAC Jobsearch

VAC
VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395912 ,09-5102094,09-73022727
E-mail: cv@vacjobsearch.com

---

၁၀ တန်းအောင်ပြီးပြီလား .... ဒါဆို UK Edexcel က ပေးအပ်တဲ့ BTEC HND Engineering Diploma တွေကို UMG College Myanmar မှာ ကုန်ကျစရိတ်သက်သာစွာနဲ့ လျှောက်ထားတက်ရောက်နိုင်ပြီနော်

UCM
UMG COLLEGE MYANMAR
UMG



**HND Diploma ၏အားသာချက်များ**

UK တက္ကသိုလ်ကြီးများ အသိအမှတ်ပြုပြီးFinal Year Top Up သို့ တိုက်ရိုက် တက်ရောက်နိုင်ခြင်း။
Assignment Based ပုံစံဖြစ်ပြီး လုပ်ငန်းခွင်အဆင်သင့်ဖြစ်စေရန် လေ့ကျင့်သင်ကြားပေးသည့် ပုံစံဖြစ်ခြင်း။
ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ ကျော်တွင် Partner ပေါင်း ၂၅၀၀ ကျော်ဖြင့် လက်တွဲလုပ်ကိုင်နေသော ပညာရေးအဖွဲ့ကြီးမှပေးအပ်သော လက်မှတ်ဖြစ်ခြင်း။

**June-July 2018 Intake**

Majors:
* Civil Engineering
* Mechanical Engineering
* Electrical and Electronic Engineering

**UMG College Myanmar**
DEVELOP AND NURTURE MYANMAR'S FUTURE LEADERS

အမှတ် ( ၁၀၃၉/၁၀၄၀ ) ရောဂတီလမ်းသွယ်၊ တပင်ရွှေထီးလမ်းမကြီး၊ ၄/၅ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ FMI City အနီး၊ ရန်ကုန်မြို့

ဖုန်းနံပါတ်
09 966 118 646,
09 422 545 928,
09 977 835 212

facebook
www.facebook.com/umgcollegemyanmar

---

**ပညာတံခွန်** (၁၀တန်းအထူးအယောက်(၂၀)ဘော်ဒါ)
ဘော်ဒါမဝင်ခင်(၁၅)ရက်တစ်သိန်းခွဲသွင်း၍စမ်းသပ်နိုင်သည်။
အခြေခံမကျေသူများ၊စာမကျက်ခဲ့သူများအားတစ်လအတွင်း ဆုံးဖြတ်ပေးမည်။ စာများကိုသင်၊ အရပါကျက်စစ်ဆေးခြင်းများ တစ်ခါတည်းအပြီးလုပ်ပေးမည်။သင်ကြားရေးကိုအပြည့်အဝ ရာခိုင်နှုန်းပြည့်အာမခံသည်။ဘာသာတိုင်းရမှတ်(၂၀) ရသော သူသာဖြစ်ပါစေ စာမေးပွဲအောင်ရန်တာဝန်ယူသည်။
(၁၉) ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်။ Ph- 09-420275663

---

**GW**
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

---

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

---



ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ နနွင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ခရမ်းချဉ်သီး၊ မန်ကျည်းသီး၊ အာလူး၊ ကြက်ဟင်းခါးသီး၊ ဂေါ်ဖီထုပ် ဂေါ်ဖီပွင့်၊ ပဲပိစပ်၊ ပဲမျိုးစုံ၊ ရွှေဖရုံသီး၊ ကြက်ဥ၊ ဒန့်သလွန်၊ မုန်လာဥနီ၊ နာနတ်ပွင့်၊ တညင်းသီး၊ အချိုမှုန့် စသည်တို့ကို ကျန်းမာရေးရှုထောင့်မှ စုံလင်စွာရေးသားဖော်ပြထားသည့်

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော...

**"မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး"**
(ဒုတိယအကြိမ်)

Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

---



**စိန်နန်းတော်**
Diamonds & Fine Jewelry

**5% to 30% off**

SEDONA WEDDING FAIR

SEDONA WEDDING FAIR အထူးလက်ဆောင်

(၅) သိန်းကျပ်ဖိုးနှင့် အထက်ဝယ်ယူပါက ရွှေဆွဲသီးလက်ဆောင်
(၁၅) သိန်းကျပ်ဖိုးနှင့် အထက်ဝယ်ယူပါက White Gold ရွှေဖြူဆွဲကြိုးလက်ဆောင်
(၅၀) သိန်းကျပ်ဖိုးနှင့် အထက်ဝယ်ယူပါက ရွှေလက်စွပ်လက်ဆောင်
(၁၀၀) သိန်းကျပ်ဖိုးနှင့် အထက်ဝယ်ယူပါက ရွှေဆွဲကြိုးလက်ဆောင်



**20%**
All Wedding Diamond Rings

စိန်ထည်ဝယ်ယူသူတိုင်းကိုလည်း မြန်မာ့ပွဲတက်ချိတ်ထည် ထပ်မံလက်ဆောင်ပေးသွားပါမည်။

Sein Nan Daw Jewellery Fashion Show Time - 12:00 noon (7.7.2018)
2018 July 7 & 8 | 10:00 AM - 6:00 PM | Sedona Hotel Yangon (Grand Ballroom)
Hotline : 01 371425, 09 425008475, 09 764499060

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
Sunday only တန်းခွဲသစ် 4 Skills Level 1 လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၊၄၊လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ July 7 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၊၄၊လ အတတ် လက်ခံပြီ။
အဆင့်မြင့် နိုင်ငံတကာ University များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့
ပြည့်စုံ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၊၄၊လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊ အင်း၀ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798

Asia Dragon (အာရှနဂါး)
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
ကျိုက်ထီးရိုး ဖားအံ
ဖြိုးသီး၊ ဗိဿကာ် ပုဂံ၊ ပုပ္ပါး
09 300 300 70, 09 300 300 90

ဇာနည်အောင် မြန်မာပြည်အနှံ့ဘုရားဖူးပို့ဆောင်ရေး
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ 60000 Ks ဇာတည်းခြင်းမြင်း July 18/26 ထွက်
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-လျှိုင်ကော် 75000 Ks
မြဝတီ-မဲဆောက်လေ့လာရေးခရီးစဉ်နှင့်-ဘားအံဂူသုံးဂူ 70000 Ks
ဖုန်း-၀၉၅၁၅၈၂၂၃၊ ၀၉၄၄၈၈၅၅၄၈၄၊ ၀၉၆၉၁၂၃၄၅၁၃၊ ၀၉၆၉၁၂၃၄၅၃၂။

MINISTRY OF TRANSPORT AND COMMUNICATIONS
MYANMA RAILWAYS
**Extension of Tender Closing Date**

Myanma Railways Extends the Tender Closing Date as follows:

| Sr No | Tender No | Description | Initial Closing Date & Time | Extension Closing Date & Time |
|---|---|---|---|---|
| 1 | 16/MR/INDIA (E)2017-2018 | Track Recording Car EM 80 and Small Track Maintenance Machineries | 10.7.2018 (14:30)Hr | 12.9.2018 (14:30)Hr |

Managing Director, Myanma Railways
Ministry of Transport and Communications, Nay Pyi Taw, Myanmar

STARFISH Education KAPLAN Certified Education Provider
IELTS | TOEFL | SAT | GMAT | GRE
General English & Business English
လက်ရှိလုပ်ငန်းခွင်ဝင်ရောက်နေသူများအတွက်
Business English နှင့် General English Weekend တန်းခွဲသစ်များ 14th July စမည်


IELTS TOEFL SAT Weekend တန်းခွဲသစ်များ 30th June စမည်
IELTS TOEFL SAT Weekday တန်းခွဲသစ်များ 10th July စမည်
Business English အတွက် 5 ယောက်နှင့်အထက် လာရောက်အပ်နှံပါက Group Discount ရရှိမည်
No. 3-B, Power Condo, Insein Road, Hledan, Kamaryut Township, Yangon, Myanmar.
Ph: 09 777264230~31, 09 766999775, 09 799905715
www.starfishkcep.com.mm info@starfishedu.com Starfish Education

မြစင်ရော် အမှတ်တံဆိပ် အစာအိမ်ဆေး

SEVEN စံ မာ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်။ 'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514,
09 - 33 333 644

အောင်မြင်ခြင်းကို အစဉ်အလာတစ်ခုအနေနဲ့ နှစ်စဉ်ထိန်းသိမ်းထားနိုင်ဖို့ဆိုတာ လွယ်တာမှတ်လို့...
ကျောက်ကုန်းစာသင်ဝိုင်း
၂၀၁၈ ခုနှစ် ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဝေဆာစွာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော တပည့်များကို မိဘများ နှင့်အတူ ကျောက်ကုန်းစာသင်ဝိုင်း က ဝမ်းမြောက်ဂုဏ်ယူ မှတ်တမ်းတင်အပ်ပါသည်။
၂၀၁၈ခုနှစ် ဘာသာစုံ ဂုဏ်ထူးရှင်များ

မခိုင်ဝင့်ရည်ဇော် ဆကရ-၁၄၇ (All-D)
မောင်ဝေယံကျော်လွင် ဆကရ-၃၇၂ (All-D)
မလင်းမြတ်ပြုံးအောင် ဆပဟ-၄၅၃ (All-D)
မဖြူမြတ်ဟန် ဆပထ-၅၅၁ (All-D)
မမေဆိုင်းပန် ဆပဟ-၈၀၁ (All-D)
၂၀၁၈ခုနှစ် (၅)ဘာသာ ဂုဏ်ထူးရှင်များ

မောင်အောင်ဘုန်းကျော် ဆပဟ-၄၆ အ၊သ၊ဓ၊ရ၊ဇ (5-D)
မောင်မျိုးခန့်ဇင်စိုး ဆပဟ-၁၁၂ အ၊သ၊ဓ၊ရ၊ဇ (5-D)
မောင်ခန့်ပြုံးဝေ ဆတဥ-၁၄၈ မ၊သ၊ဓ၊ရ၊ဇ (5-D)
မသွဲ့နန္ဒီစိုး ဆရက-၁၄၉ မ၊သ၊ဓ၊ရ၊ဇ (5-D)
မသဉ္ဇာနိုင် ဆရက-၁၉၃ မ၊သ၊ဓ၊ရ၊ဇ (5-D)
မောင်သုဆန္ဒ ဆပဟ-၁၉၅ မ၊သ၊ဓ၊ရ၊ဇ (5-D)
မအေးချမ်းမိုး ဆပဟ-၂၅၈ မ၊သ၊ဓ၊ရ၊ဇ (5-D)
မခင်စုစုသွယ် ဆသက-၂၉၀ မ၊အ၊သ၊ဓ၊ဇ (5-D)
မအေးချမ်းသူ ဆရက-၃၀၄ မ၊အ၊သ၊ဓ၊ဇ (5-D)
■ (၄) ဘာသာဂုဏ်ထူးရှင် (၁၄) ယောက်
■ (၃) ဘာသာဂုဏ်ထူးရှင် (၁၈) ယောက်

မောင်လင်းရောင် ဆကရ-၃၃၈ အ၊သ၊ဓ၊ရ၊ဇ (5-D)

မောင်သန့်ဝေအောင် ဆဒတ-၃၆၃ မ၊သ၊ဓ၊ရ၊ဇ (5-D)

မအိမ့်စည်ဝေ ဆကရ-၄၀၃ မ၊သ၊ဓ၊ရ၊ဇ (5-D)
■ (၂) ဘာသာဂုဏ်ထူးရှင် (၉) ယောက်
■ (၁) ဘာသာဂုဏ်ထူးရှင် (၁၆) ယောက်
■ အမှတ် ၆ (က)၊ ကျောက်ကုန်းလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၂၅၄ ၀၆၄၄၂၇၊ ၀၉ ၅၁၁၆၂၃၀၊ ၀၉ ၅၁၁၆၂၃၂

## (၃)လပြည့်လွမ်းဆွတ်အမှတ်ဝေခြင်း

**ဦးစိန်သန်း(မန်နေဂျာ)ငြိမ်း (ဆင်မလိုက်သဘော်ကျင်း)**

**(၅-၄-၂၀၁၈/၅-၇-၂၀၁၈)**

မောင်လေးကွယ်လွန်ခဲ့သည်မှာ ၅-၇-၂၀၁၈ ရက်တွင် (၃)လပြည့်ခဲ့ပါပြီ။ မောင်လေးအတွက်ရည်စူး၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေသား (၅၇)ကျပ်သား (ကျပ်သိန်းလေးရာ့ခြောက်ဆယ့်တစ်သိန်းခုနစ်သောင်းတိတိ)ကို ဆက်ကပ်လှူဒါန်းကုသိုလ်ပြုခဲ့ပါသည်။

ဤကုသိုလ်ကောင်းမှုကို မောင်လေးနှင့်ထပ်တူ ဖခင်ကြီး ဦးအိခင်(ခ) တော့်အီဆင်း (၉-၁၂-၁၉၄၇)၊ မိခင်ကြီး ဒေါ်ပု(ခ) အော်စောဂှာ (၁၂-၈-၁၉၉၂) နှင့် အစ်ကိုကြီး ဦးသန်းစိန် (၂၄-၉-၁၉၉၅)တို့အားလည်း အမျှပေးဝေပါသည်။ မိမိတို့ရောက်ရှိရာ အေးချမ်းမြင့်မြတ်သော ဘုံဘဝ အသီးသီးမှ မြင်နိုင်၊ ကြားနိုင် သာဓုခေါ် ဆိုနိုင်ကြပါစေ။

**အစ်မကြီး** ဒေါ်ကျင်နု (၁၅)လမ်း
**အစ်မငယ်** ဒေါ်ကျင်လှ (ကျောက်မြောင်းဈေးလမ်း)

## မွေးမေသို့တမ်းတခြင်း(သို့)ပြန်လည်ဆုံစည်းကြပါစို့

၅-၇-၂၀၁၈

**ချစ်သောအမေ . . .**

ငါးနှစ်တာကာလကို ရောက်ခဲ့ပြီပေါ့။
အမေ့ကို ယနေ့တိုင် မေ့မရပါ။
ကုသိုလ်ပြုတိုင်းလည်း အမျှဝေပါတယ်။
ကောင်းမွန်မြင့်မြတ်တဲ့ ဘုံနိဗ္ဗာန်နေကလည်း
သမီးတို့ကို စောင့်ရှောက်နေမယ်ဆိုတာ ယုံပါတယ်။
သမီးလည်း မိမိအကျိုး၊ ပတ်ဝန်းကျင်အကျိုး
နိုင်ငံနှင့်လူမျိုးအကျိုး၊ သာသနာအကျိုးကို
ထမ်းဆောင်လျက်ပါ။ သံသရာကျင်လည်နေကြရတော့
ပြန်လည်ဆုံစည်းနိုင်ပါစေလို့ ဆန္ဒပြုရင်း။

**ချစ်သမီး**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အထက(၂) ဒသမတန်း(ဃ)တွင် ပညာသင်ကြားနေသော မခင်မင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကိုကြီး [၁၂/ကမန(နိုင်)၀၄၉၅၁၄]ဖြစ်ပါကြောင်း။ **ဦးကိုကြီး**

### ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ မျိုးဂုဏ်ရည် ကိုယ်ပိုင်အထက်တန်းကျောင်း၊ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်အေးချမ်း၏ ဖခင်အမည်မှန်မှာ ဦးအေးကို [၁၄/ဇလန(နိုင်)၁၁၃၀၁၄] ဖြစ်ပါကြောင်း။

**ဦးအေးကို**
**[၁၄/ဇလန(နိုင်)၁၁၃၀၁၄]**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စွမ် (၉၆)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီးရပ်နေ (ဦးရင်နား-ဒေါ်အန်ရာ)တို့၏သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၁၅၁-B)နေ (ဦးမွန်တင်း)၏ဇနီး၊ ဦးကျင်တိတ်-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးစိုးဦး-Dr.ဒေါ်အေးအေးစန်း၊ ဦးထွန်းငွေ(ခ)ဦးထွန်းဝင်း-Dr.ဒေါ်လှလှရီ(မြရတနာဆေးခန်း)၊ ဒေါ်စန်းစန်းမော်-Mr.HATA RYOICHI တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွား ဒေါ်ခင်စွမ်သည် ၂-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၁၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၈ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်ဖူးကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၁၅၁/B၊ လသာလမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကြောင်စင်ရှွန်(ခ)ဒေါ်ညွန့်ရီ**
**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၃၆)၊ ဘုရင့်နောင်လမ်းဆုံနေ (ဦးကြောင်စစ်ကြည်-ဒေါ်ယုလျှံ)တို့၏သမီး၊ (ဦးခွန်ဆောင်-ဒေါ်စော)တို့၏သမီးချွေးမ၊ ဦးရဲဆွေ-(ဒေါ်မွှေးမွှေး)၊ ဦးရဲလှ-ဒေါ်ချို၊ ဦးရဲမြင့်-ဒေါ်ဝင်းကြူ၊ ဦးရဲနောင်-ဒေါ်စန်းစန်းမြင့် (မဘေဘီ)၊ ဦးရဲရွှေ-ဒေါ်စန္ဒာရွှေ၊ ဦးရဲငွေ-ဒေါ်မိသန်းဝဏ်၊ ဦးရဲအေး-ဒေါ်ခင်ခင်ဦးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ (ဦးမောင်စိန်)၏ချစ်လှစွာသောဇနီး၊ မြေး(၁၆)ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁-၇-၂၀၁၈(တနင်္ဂနွေနေ့) ည ၉း၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး(ကောင်းတုံ)တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဖုန်းမြင့် အသက်(၉၃)နှစ်**

မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ နာယကကြီး ဦးဖုန်းမြင့်သည် ၁-၇-၂၀၁၈ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေပုစွန် အအေး၊ ကိတ်မျိုးစုံနှင့် စိုက်ပျိုးရေးမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
**နာယကကြီး "ဦးဟန်စိန်" အသက်(၈၁)နှစ်**
**"နီနီ" ရောဂါရှာဖွေရေးနှင့်အထူးကုဆေးခန်း**

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး ဦးဟန်စိန်သည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက်၁၁း၁၄နာရီ အချိန်တွင်၊ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၊ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်

**အမှုဆောင်အဖွဲ့**
**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

Custom ဒုဥက္ကဋ္ဌချုပ် ဦးသိန်းဆွေ-ဒေါ်ညိုညိုငြိမ်းဝင်းတို့၏ဖခင် ဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းရပါသည်။

**ဦးအေးထွန်း**
**Aung Thein Than Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဟန်စိန်**
**အသက် (၈၁) နှစ်**
**နီနီဆေးခန်း၊ နီနီဓာတ်ခွဲခန်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ် (၈/က)နေ ဒေါ်ရှုရင်၏ ခင်ပွန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာအောင်ကျော်လင်း-ဒေါက်တာအေးအေးမော်၊ ဒေါက်တာညီညီဟန်-ဒေါ်သီတာအေး၊ ဦးသန်းအောင်-ဒေါ်မိမိဟန်တို့၏ဖခင်ကြီး ဦးဟန်စိန် အသက် (၈၁) နှစ်သည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၁၄ နာရီတွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာဦးညွန့်သိန်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဟန်စိန်**
**အသက် (၈၁) နှစ်**
**နီနီဆေးခန်း၊ နီနီဓာတ်ခွဲခန်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ်(၈/က)နေ ဒေါ်ရှုရင်၏ခင်ပွန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာအောင်ကျော်လင်း-ဒေါက်တာအေးအေးမော်၊ ဒေါက်တာညီညီဟန်-ဒေါ်သီတာအေး၊ ဦးသန်းအောင်-ဒေါ်မိမိဟန်တို့၏ဖခင်ကြီး ဦးဟန်စိန် အသက်(၈၁)နှစ်သည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၁၄ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နီနီရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း(ရန်ကုန်-အလုံ)**
**နီနီရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း(မန္တလေး)**
**နီနီရောဂါရှာဖွေရေးနှင့်အထူးကုဆေးခန်း(မြောက်ဥက္ကလာ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မြင့် (သီရိစန္ဒာဆေးရုံ)**
**ဂုဏ်ထူးဆောင်နာယက**
**ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ အမှတ်(၂)နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်သီတာဝင်း၏ ခင်ပွန်းသည် ၃-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကြို့ပင်ကောက်မြို့နယ်အသင်းမိသားစုမှ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**(ကြို့ပင်ကောက်မြို့နယ်အသင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးတင်မြင့် (ကြို့ပင်ကောက်မြို့)**
**ဥက္ကဋ္ဌ (သီရိစန္ဒာဆေးရုံ၊ အင်းစိန်)**
**မန်နေဂျာ(ငြိမ်း)ကုန်သွယ်ရေး**
**စာရေးဆရာ မောင်မောင်တင်**
**အသက်(၈၀)**

မိဘသဖွယ် လေးစားချစ်ခင်ရပါသော ဆရာဦးတင်မြင့်သည် ၃-၇-၂၀၁၈ ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်လွင်ဦး၊ ဦးမျိုးသင်း**
**Banner Yangon Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မြင့် (သီရိစန္ဒာဆေးရုံ)**
**ဂုဏ်ထူးဆောင်နာယက**
**ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ အမှတ်(၂) နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူသည် ၃-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်**
**(Zar & Zar Co., Ltd.)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအဂ္ဂါတင်အုံး**
**အသက် (၅၉)နှစ်**
**B.E-Mech (1983), Ex 2/E (B.S.M) , C.D.C 17151**

သူငယ်ချင်း အဂ္ဂါသည်၂-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(သူငယ်ချင်းကောင်းရာသုဂတိလားပါစေ)

**ရန်ကုန်စက်မှုတက္ကသိုလ်(၈၀-၈၃)**
**စက်မှုကျောင်းနေဖက်သူငယ်ချင်းများ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ၈/၂တိုးချဲ့၊ နှင်းဆီလမ်း၊ အမှတ်(၆၄၉)၊ လက်ငုတ်အမည်ပေါက် ဦးရန်အောင် (HGU-090093)ထံမှ ဦးကျော်ဝယ်ယူပြီး ဦးကျော်ထံမှ ကျွန်တော်ဦးချစ်အေး [၁၂/မရက(နိုင်)၀၀၆၃၄၄] ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ် အပြီးအပိုင်ဝယ်ယူထားသော ခြံမြေဖြစ်ပါသည် ၎င်းခြံမြေနှင့်ပတ်သက်၍ နာမည်ပြောင်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း ပေါင်နှံထားခြင်း၊ (GP/SP) ပေးထားခြင်း၊ လက်လွှဲမည့်သူကိုမှရောင်းချထားခြင်း လုံးဝ လုံးဝမရှိပါ။ ကန့်ကွက်လိုသူများရှိပါကလည်း ကြေညာသည့်ရက်မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမူရင်းဖြင့် အောက်ပါဖုန်းနံပါတ်မှတစ်ဆင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်အေး**
**ဖုန်း-၀၉-၇၈၄၄၁၁၃၅၇**

### တစ်ဦးတည်းဖြစ်ကြောင်း

မရမ်းကုန်း(၂)ရပ်ကွက်နေ ဦးဘရွှေ [၁၄/ပသရ(နိုင်)၁၁၈၂၀၈] ၏ သမီး ဗစ်တိုးရီးယားနှင့် မဇင်မာထက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဗစ်တိုးရီးယား(ခ)မဇင်မာထက်**

## သွေးသည်အသက်

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference – 21st Century Panglong(Third Session) ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်ပြုလုပ်ခြင်းကို ဇူလိုင် ၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇူလိုင် ၁၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှ တစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့် ရရှိရေးအတွက် သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၃၄၁၂၁၂၅ နှင့် ၀၆၇-၃၄၁၂၁၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီဆွေးနွေးပွဲ ကျင်းပစဉ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် ဇူလိုင် ၄

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများ၏ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) သတ်မှတ်နေရာ အသီးသီး၌ ကျင်းပသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

## MNL ပွဲစဉ်(၁၉)တွင် ရတနာပုံနှင့် ရန်ကုန် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၄**

၂၀၁၈ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉)ကို ဇူလိုင် ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး နာမည်ကြီးနှစ်သင်းဖြစ်သည့် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၁၉)အဖြစ် ဇူလိုင် ၆ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရခိုင်အသင်း၊ ဇူလိုင် ၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် မကွေးအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဧရာဝတီအသင်း၊ ဇူလိုင် ၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၁၈)အပြီးတွင် ရန်ကုန်အသင်းက ၃၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၇ မှတ်၊ ရတနာပုံအသင်းက ၂၇ မှတ်၊ ဟံသာဝတီ၊ Southern နှင့် ဇွဲကပင်အသင်းတို့က ၂၆ မှတ်စီ၊ ဧရာဝတီနှင့် မကွေးအသင်းက ၂၅ မှတ်စီ၊ ရခိုင်အသင်းက ၂၁ မှတ်၊ စစ်ကိုင်းအသင်းက ၁၈ မှတ်၊ GFA အသင်းက ၁၇ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**



ရန်ကုန်နှင့် ရတနာပုံအသင်းတို့ ပထမအကျော့ တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-စိုးညွှန့်

## မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့ ယနေ့ကစားမည်

**ပလန်ဘမ် ဇူလိုင် ၄**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် အိမ်ရှင်အင်ဒိုနီးရှားအသင်းတို့ အုပ်စု ဒုတိယပွဲအဖြစ် ဇူလိုင် ၅ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အင်ဒိုနီးရှားအသင်းသည် အိမ်ရှင်နိုင်ငံဖြစ်သည်မှလွဲ၍ မြန်မာအသင်းကို ခြိမ်းခြောက်နိုင်ဖွယ်မရှိဘဲ ဂိုးမပြတ်ရန် ကြိုးစားရမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် မြန်မာအသင်းနှင့်ပွဲမတိုင်မီ နှစ်ပွဲကစားထားပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ အင်ဒိုနီးရှားအသင်းသည် စင်ကာပူအသင်းနှင့် ဂိုးမရှိသရေကျပြီး ဒုတိယပွဲတွင် ဗီယက်နမ်အသင်းကို ခြောက်ဂိုးပြတ် ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးကောင်းသွားပြီး အင်ဒိုနီးရှားနှင့် စင်ကာပူပွဲတွင် ဂိုးများများ သွင်းယူနိုင်ရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် ဗီယက်နမ်နှင့် မြန်မာအသင်းက တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ စင်ကာပူနှင့် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်စီရထားသည်။

**ရဲရင့်ရှိုင်း**


